ကြေးမုံ

The Mirror

၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်၊ တနင်္လာနေ့၊ (16-1-2012) (၇၀၀၆)

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း

ခန္တီးမြို့နယ်မှ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲသို့ တက်ရောက်ကြည်ညို

နေပြည်တော် ဇန်နဝါရီ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့သည် ဇန်နဝါရီ ၁၃ ရက် နံနက် ၈ နာရီတွင် ခန္တီးမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်း၌ ကျင်းပသော ခန္တီးမြို့နယ်မှ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။

အဆိုပါ အခမ်းအနားသို့ ခန္တီးမြို့နယ်အတွင်းရှိ ကျောင်းတိုက်များမှ ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများ တက်ရောက်ကြည်ညိုကြသည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ ခန္တီးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆင်သေကျောင်းဆရာတော်ထံ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ပြီး ခန္တီးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆင်သေကျောင်းဆရာတော် ဘဒ္ဒန္တ သူရိယထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်ဇနီးတို့က ဆင်သေကျောင်းဆရာတော် ဘဒ္ဒန္တ သူရိယထံ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဆရာတော်၊ သံဃာတော်များထံ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် ဖွဲ့စည်းထူထောင်ခဲ့ပြီး နာဂတိုင်းရင်းသားကိုယ်စားလှယ်များကိုယ်တိုင် နာဂဒေသဖွံ့ဖြိုးတိုးတက်ရေး အနီးကပ်ဦးဆောင်ဦးရွက်ပြုနေ

ဒေသတိုင်းရင်းသားများ မိမိဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသဦးစီးအဖွဲ့၏ဦးဆောင်မှုဖြင့် တက်တက်ကြွကြွဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. V.S Seshadri၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် ခန္တီးမြို့ ကမ်းနားလမ်းရှိ ခန္တီးဆိပ်ကမ်းသို့ ရောက်ရှိပြီး ချင်းတွင်းမြစ် ရေလမ်းကြောင်းအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်မှုနှင့် သဲသောင်ဖြစ်ထွန်းမှုအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ဒုတိယသမ္မတက ခန္တီးဆိပ်ကမ်းရေလမ်းကြောင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းများအဆက်အစပ်ရှိစေရန်နှင့် ထိထိရောက်ရောက်ဖြစ်စေရန်အတွက် ဒေသဆိုင်ရာအာဏာပိုင်နှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးရေးဦးစီးဌာနတို့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန် မှာကြားသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ပန်ဆောင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့် ၁၆-၁-၂၀၁၂(တနင်္လာနေ့)။

တံလျှပ်ကိုရေထင်

နိုင်ငံရပ်ခြားသို့ အကြောင်းအမျိုးမျိုးဖြင့် သွားရောက်နေထိုင်ကြသူများမှာ သန်းနှင့်ချီ၍ရှိသည်။ ထိုသူတို့သည် ရေကြည်ရာ မြက်နုရာဆိုဆို၊ လွတ်ရာလွတ်ကြောင်း ပြေးပြေး၊ ကောင်းရာကောင်းကြောင်း ဖြစ်ဖြစ် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိသွားကြသူများဖြစ်သည်။ ထိုသူများအနက် အချို့မှာ ကံကောင်းခြင်းသို့ရောက်ကြပြီး အချို့မှာ ကံဆိုးခြင်းနှင့် တွေ့ကြရသည်။

ကံကောင်းအကြောင်းလှ၍ ချမ်းသာသူများရှိသလို ကံမကောင်းအကြောင်းမလှ၍ ဒုက္ခလှလှရောက်ကြရပြီး ဘဝပျက်ခဲ့ကြသူများလည်း ရှိသည်။ အခြားနိုင်ငံ မည်မျှကောင်းကောင်း ကိုယ့်နိုင်ငံ၊ ကိုယ့်မွေးရပ်မြေသည်သာ အကောင်းဆုံးဖြစ်သည်ကို နိုင်ငံရပ်ခြားသို့ ရောက်ဖူးသူတိုင်း သိသည်။ လောကဓမ္မတာတွင်လည်း မိဘ၏အရိပ်အာဝါသသည်သာ အအေးမြဆုံးဖြစ်သည်ဆိုသဖြင့် မိဘနှင့်တူသော ကိုယ့်နိုင်ငံ၏အရိပ်သည်သာ အလုံခြုံဆုံး၊ အကောင်းဆုံးဖြစ်ပေသည်။

ထို့ကြောင့် မိဘနှင့်တူသောနိုင်ငံတော်က ပြည်ပသို့အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေသော မြန်မာနိုင်ငံသားများ မိမိနိုင်ငံသို့ ပြန်လိုက ပြန်လာနိုင်ကြောင်း မကြာသေးမီက ပြောကြားခဲ့သည်ကို ကြားသိရသည်။ မိဘမေတ္တာသည် အေးမြလှပါပေသည်။ ထိုသို့ပြောကြားခဲ့ပြီးနောက် မိမိတို့၏ မိခင်အရပ်သို့ အချို့အချို့အေးချမ်းစွာ ပြန်ရောက်လာကြသည်။ အများစုမှာ ကျန်ရှိနေသေးသည်။ လူမှုရေးကြောင့်လည်းကောင်း၊ စီးပွားရေးကြောင့်လည်းကောင်း၊ နိုင်ငံရေးကြောင့် လည်းကောင်း အကြောင်းမျိုးစုံဖြင့် ကျန်ရစ်ခဲ့သည်။

ထိုသူများထဲတွင် တံလျှပ်ကိုရေထင် ရွှေသမင်အလိုက်မှားခဲ့သူများလည်း ရှိသည်။ နိုင်ငံရပ်ခြားတွင် တွယ်ရာ၊ ကာရာမဲ့ဘဝဖြင့် ရပ်တည်ရာမရ ကျွန်ပြုခံရသူများလည်းရှိသည်။ ကောင်းစားသူများလည်း ရှိသည်။ တောင်းစားသူများလည်း ရှိသည်။ ဘဝကို အဆုံးခံလိုက်ရသူများလည်း ရှိသည်။ အပြန်စရိတ်မရှိသဖြင့် အလှူခံပါသည်ဟု ဆိုသူကိုလည်း တွေ့ဖူးသည်။ ရပ်တည်ရာမရှိ အိတ်တစ်လုံးနှင့် ကြုံသလိုနေသူကိုလည်း တွေ့ဖူးသည်။ ပို၍ဆိုးသည်မှာ အမျိုးသားထက် အမျိုးသမီးများဖြစ်သည်။

မကြာသေးမီက အင်တာနက်စာမျက်နှာတစ်ခုတွင် မလေးရှားနိုင်ငံရှိ မြန်မာမိန်းကလေးတစ်စု၏ ရင်နင့်ဖွယ်ဖြစ်အင်ကို တွေ့လိုက်ရသည်။ အရင့်အရင်ကလည်း ကြားဖူးသည်။ မည်သည့်အကြောင်းကြောင့်ဖြစ်စေ မိမိနိုင်ငံမဟုတ်သဖြင့် နိုင်ငံသားအခွင့်အရေးမရှိ။ အကာအကွယ်ပေးမည့်သူမရှိ။ ရှင်လျက်နှင့်သေကြရသည်။ ပြန်လမ်းမတွေ့သောဘဝ၌ လောကငရဲသို့ ကျကြရသည်။ ဤသည်မှာ တစ်ကြောင်းဖြစ်သည်။ မိဘအရိပ်မှ လွတ်သောမိန်းကလေးများအဖို့ ပို၍သတိထားအပ်သည်။

မိဘသည် မိမိသားသမီးဘေးမဖြစ်အောင် စောင့်ရှောက်သည်။ မိဘ မျက်ကွယ်ဖြစ်လျှင် မိမိကိုယ်ကို စောင့်ရှောက်ရမည်။ မိမိဘဝကို မနစ်မွန်းအောင်နေရမည်။ အထူးသဖြင့် နိုင်ငံရပ်ခြားတွင် ရောက်ရှိနေသော သားသမီးများအဖို့ မိမိ၏ဂုဏ်သိက္ခာ၊ မိမိ၏တန်ဖိုးတို့သာမက အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရမည်။ ငွေနောက်သို့ လိုက်မိသဖြင့် ဘဝပျက်ခဲ့ရသည်ကို သင်ခန်းစာမယူဘဲ ရှေ့ဆက်တိုးလျှင် ကိုယ်ကျိုးနည်းမည် ဖြစ်သည်။

ထို့ကြောင့် အပြစ်ရှိသူကိုပင် ခွင့်လွှတ်ခဲ့သည့် မိဘရင်ခွင်သည်သာ အေးမြပါသည် ဆိုသည်ကို ပြီးခဲ့သည့် လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့သည်များက သာဓကများအဖြစ် သက်သေပြုခဲ့ပြီဖြစ်သည်။ တံလျှပ်ကိုရေထင်၍ ရွှေသမင်အလိုက်မှားခဲ့ပါသည်ဆိုသော သားသမီးများအနေဖြင့် အေးမြသည့် မိဘရင်ခွင်သို့ ပြန်လာခြင်းသည်သာ အကောင်းဆုံးဖြစ်ပါသည်ဟု နှိုးဆော်အသိပေးလိုက်ပါသည်။ ။

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် မီးသတ်ဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၁၅

မီးသတ်တပ်ဖွဲ့ဝင်များအတွက် လုပ်ငန်းလမ်းညွှန်ချက်ဖြစ်သော ပြည်သူများအား အကူအညီပေးရန် မိမိတို့တွင် အမြဲတာဝန်ရှိသည်ဟူသော စိတ်ဓာတ်ထားရှိကြရန်၊ အတိတ်ကာလအတွေ့အကြုံများမှ သင်ခန်းစာရယူပြီး အနာဂတ်စိန်ခေါ်မှုတိုင်းကို ရင်ဆိုင်ရန် မီးသတ်တပ်ဖွဲ့ဝင်တိုင်း လက်တွေ့ကျသော စီမံချက်ထားရှိပြီး ဇာတ်တိုက်လေ့ကျင့်ထားကြရန်နှင့် ပိုမိုလုံခြုံစိတ်ချရသော ရပ်ရွာအခြေပြု လူမှုအဖွဲ့အစည်းများ ဖြစ်လာစေရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်တိုင်း၏ စွမ်းဆောင်ရည်များကို မြှင့်တင်သွားကြရန် စသည်ဖြင့် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသော တိုင်းဒေသကြီး/ပြည်နယ် မီးသတ်ဦးစီးဌာနမှူးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဖော်ပြပါ လုပ်ငန်းလမ်းညွှန်ချက်များကို အခြေခံ၍ ပြည်သူများ၏ အကျိုးကို ရှေးရှုပြီး ဘေးကင်းလုံခြုံမှုအတွက် မီးသတ်တပ်ဖွဲ့ဥပဒေပါ လုပ်ထုံးလုပ်နည်းအတိုင်း စစ်ဆေးမှုများဆောင်ရွက်ကြရန်၊ မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးလောင်ပြင်ဘေးကင်းလုံခြုံမှုအတွက် အကာအကွယ်များ စီမံဆောင်ရွက်ထားရန်နှင့် အသိပညာပေးလုပ်ငန်းများနှင့် စစ်ဆေးမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားကြရန်တို့ကို မှာကြားသည်။

ယင်းနောက် မီးသတ်တပ်ဖွဲ့ဝင်များ လက်ရှိအသုံးပြုလျက်ရှိသော အကာအကွယ်ဝတ်စုံများနှင့် မီးဘေးအန္တရာယ်ဖြစ်ပွားချိန်တွင် အလျင်အမြန် တုံ့ပြန်မီးငြိမ်းသတ်နိုင်သည့် ရေမှုန်ပစ်သေနတ်ဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ သရုပ်ပြမီးငြိမ်းသတ်မှုကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၁၄ ရက် ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက်ရှိ မီးဘေးသင့်ပြည်သူများ၏ နေအိမ်များ ပြန်လည်တည်ဆောက်နေမှုနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အသစ်ပြန်လည်ဆောက်လုပ်မည့် ခေမာသိဝံ ဘုန်းတော်ကြီးကျောင်း ဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် မီးသတ်တပ်ဖွဲ့ဝင်များ အသုံးပြုလျက်ရှိသော အကာအကွယ်ဝတ်စုံများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၆-၁-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၄ ၁။ နိုင်ငံတော်သီချင်း
၇:၀၅ ၂။ တရားတော်
၇:၂၀ ၃။ ဓမ္မပူဇာတေး
၇:၂၅ ၄။ မျိုးချစ်တပ်မတော်
၇:၃၀ ၅။ မြန်မာ့ရှုခင်း
၇:၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ ပညာပေးဇာတ်လမ်းတို

ညပိုင်း

၄:၀၂ ၁။ နိုင်ငံတော်သီချင်း
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၁၅ ၄။ စိုက်ပျိုးသုတ
၄:၂၅ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄:၄၅ ၆။ အများအတွက်ကြက်ခြေနီ
၄:၅၀ ၇။ ကျေးဇူးတင်ပါတယ် မိန္ဒယ်ရယ်(ဇာတ်လမ်းတို)
၅:၀၀ ၈။ အားလုံးရဲ့တာဝန်
၅:၀၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် (အပိုင်း-၇၁)**
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၃။ သံစဉ်လမ်းက လင်းလက်ကြယ်
၇:၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်ခွန်းဖွဲ့သီချစ်သူဆီ (အပိုင်း-၄၂)**
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ဒို့တာဝန်အရေး(၃)ပါး
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ Talk of The Town
၂၁။ မေးမြန်းစူးစမ်း
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အချစ်ကြီးချစ် (အပိုင်း-၅)**
၂၄။ Mini Series

ဒို့ကျေးရွာဂျာနယ် အတွဲ(၉)၊ အမှတ်(၂)ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၅

ကချင်ပြည်နယ်၏ ငြိမ်းချမ်းရေးအနှစ်သာရကို ဖော်ဆောင်ပြသနေသည့် ကချင်ရိုးရာမနောပွဲတော်၊ ငရုတ်ကောင်းစိုက်ပျိုး ဝင်ငွေတိုး၊ မိုးမြေပဲအပြီး ဆောင်းမြေပဲစိုက်ဖို့ ပြင်ဆင်ကြစို့၊ နှစ်သီးစား သုံးသီးစား သီးထပ်သီးညှပ်စိုက်ပျိုး၍ သီးနှံစွမ်းအားမြှင့်တင်၊ ထူးခြားလာတော့မည့်ပြည်သူများ၏ အနာဂတ်အရေး၊ စီးပွားဖြစ် သိုးမွေးရအောင်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆင်းရဲမှုလျှော့ချရေးနှင့် ဆိတ်မွေးမြူရေး၊ ဆေးဖက်လည်းဝင် ဂုံမင်းပင်၊ ရိုးရာစားသောက်ကုန်များကို ပြည်ပသို့ အဓိကတင်ပို့မည့် အင်ဒိုနီးရှားနိုင်ငံ စသည့် ဖတ်စရာများဖြင့် ဒို့ကျေးရွာဂျာနယ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

စာမူနှင့် ကြော်ငြာများကို အမှတ် (၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၅ - ၁ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၁. ၈၀၀၀	၀. ၀၃၁၄၅
တရုတ် (ယွမ်)	၆. ၃၀၆၅၀	၀. ၁၅၈၅၇
အိန္ဒိယ (ရူပီး)	၅၁. ၅၂၂၅	၀. ၀၁၉၄၁
မလေးရှား (ရင်းဂစ်)	၃. ၁၃၃၀၀	၀. ၃၁၉၁၈
စင်ကာပူ (ဒေါ်လာ)	၁. ၂၉၂၈၀	၀. ၇၇၃၅၁
ဂျပန် (ယန်း)	၇၆. ၉၇၀၀	၀. ၀၁၂၉၉
တောင်ကိုရီးယား(ဝမ်)	၁၁၅၀. ၁၉	၀. ၀၀၀၈၇
ယူရို	၀. ၇၈၈၇၁	၁. ၂၆၇၉၀
ဗြိတိသျှ (ပေါင်)	၀. ၆၅၂၈၅	၁. ၅၃၁၇၅

အင်တာနက်။

ဒလမြို့နယ် စာဖတ်ရှိန်မြင့်မားရေးလုပ်ငန်း ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၅

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒလမြို့နယ်ရုံးသည် ဒလမြို့နယ်အတွင်း စာဖတ်သူများပြားစေရေး၊ စာဖတ်ရှိန်မြင့်မားရေးအတွက် နယ်လှည့်စာကြည့်တိုက်လုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ဒလမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ ဇန်နဝါရီ ၁၀ ရက် ည ၈ နာရီက ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များအား စာအုပ်၊ စာစောင်များ ငှားရမ်းခြင်း၊ ဟောပြောပွဲဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကျော်ဝင်း**(ဝဲပုံ)**က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်က နယ်လှည့်စာကြည့်တိုက်ဆောင်ရွက်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ (မြို့နယ်ပြန်/ဆက်)

မြန်မာ့ရိုးရာ ထမနဲပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၅

မြို့မကျောင်းသား၊ ကျောင်းသူဟောင်းအသင်းက ကြီးမှူးကျင်းပမည့် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာထမနဲပွဲကို ဖေဖော်ဝါရီ ၇ ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရန်ကုန်မြို့ အမှတ်(၆၈) စကားဝါလမ်း ဒဂုံမြို့နယ်ရှိ မြို့မကျောင်းသား၊ ကျောင်းသူဟောင်းအသင်း မြတ်မွန်ရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်သည် ဖြစ်စေ၊ မဝင်သည်ဖြစ်စေ မြို့မကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် မျိုးဆက်သစ်များဖြစ်ကြသော အထက(၂) ဒဂုံနှင့် အထက(၃)ဒဂုံတို့မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်နိုင်ကြောင်းနှင့် အဆိုပါ မြို့မကျောင်း၏ မြန်မာ့ရိုးရာထမနဲပွဲတွင် ပျော်ပွဲရွှင်ပွဲများ၊ ကံစမ်းမဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး အသေးစိတ်သိလိုပါက ဖုန်း-၂၅၀၁၅၃နှင့် ၇၃၀-၁၁၇၀၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ရန်ကုန်မြို့ တာမွေမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ဘက်စုံထူးချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၁၅ ရက်က ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးရ မောင်ကောင်းစံအား ကျောင်းအုပ်ဆရာကြီး ဦးကျော်ဆန်း ဆုပေးအပ်ချီးမြှင့်စဉ်။ (ပညာရေး)

❖ **နိုင်ငံတော်မှ**

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ခန္တီး)သို့ ရောက်ရှိကြရာ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့် သင်တန်းသားလူငယ်များက ကြိုဆိုကြသည်။

ဒုတိယသမ္မတသည် သင်တန်းသားလူငယ်များနှင့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားပြီး သင်တန်းသားအိပ်ဆောင်ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သင်တန်းကျောင်းခန်းမဆောင်၌ မက်စ်မြန်မာကုမ္ပဏီဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အိုင်ဂျီအီးကုမ္ပဏီဥက္ကဋ္ဌ ဦးနေအောင်တို့က သင်တန်းကျောင်းငွေပဒေသာပင်အတွက် ငွေကျပ်သိန်း ၅၀ ကို လည်းကောင်း၊ ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းက DTH Sky Net ရုပ်သံဖမ်းစက်၊ ရုပ်မြင်သံကြားပြစက်နှင့် လက်ဆွဲမီးစက်တို့ကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ကြီးက လက်ခံသည်။

ထို့နောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ဤကျောင်းများမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ လူငယ်များအား စစ်ကိုင်းတိုင်းဒေသကြီး ရွှာသစ်ကြီး တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ ပေါင်းကူးတက်ရောက်စေပြီး ပညာရေးဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့၊ GTI အဆင့် အင်ဂျင်နီယာသင်တန်း၊ ယင်းမှ အဆင့်အရည်အချင်းမီပါက B. Tech နှင့် B.E ဘွဲ့များအထိ ဆက်လက်သင်ယူနိုင်စေရန် စီစဉ်ပေးထားပြီး ဘွဲ့၊ သင်တန်းများ ပြီးဆုံးပါကလည်း သက်ဆိုင်ရာဌာနများတွင် အလုပ်အကိုင်များရရှိရေးကိုပါ ဆက်လက်စီစဉ်ဆောင်ရွက်ပေးထားကြောင်း။

ထို့ကြောင့် ဆရာ၊ ဆရာမများအနေဖြင့် ဒေသခံကျောင်းသားများအား သင်တန်းကျောင်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် လေ့ကျင့်သင်ကြားပေးရန် လိုအပ်ပါကြောင်း၊ သင်တန်းသားများကလည်း နိုင်ငံတော်အပေါ် သစ္စာရှိရှိဖြင့် တိုင်းရင်းသားများအကြား ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးနှင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်၍ တာဝန်ထမ်းဆောင်နိုင်သူများဖြစ်အောင် ကြိုးစားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ခန္တီးမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့သို့ ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် နန်းယွန်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုနှင့် တက္ကသိုလ်ဝင်စာမေးပွဲအကြိုစစ်ဆေးခြင်း မေးခွန်းလွှာဖြေဆိုနေမှုတို့ကို ကြည့်ရှု၍ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် နန်းယွန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗန္ဓုလခန်းမ၌ ကျင်းပသော မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ နန်းယွန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က နန်းယွန်းမြို့နယ်၏ ဒေသဆိုင်ရာ အချက်အလက်များ၊ ပညာရေး၊ ကျန်းမာရေး၊ စီမံခန့်ခွဲရေးနှင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှု၊ ဒေသ၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရှုစ်ကြူးက နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်များကို စုစည်း၍ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် သတ်မှတ်ပေးခဲ့ပါကြောင်း၊ ထို့ပြင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့အား တိုင်းဒေသကြီးဝန်ကြီးချုပ်က အမည်စာရင်းတင်သွင်း၍ နိုင်ငံတော်သမ္မတက ခန့်အပ်တာဝန်ပေးအပ်ခဲ့ပါကြောင်းဖြင့် ပဏာမရှင်းလင်းတင်ပြပြီးနောက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများဖြစ်သည့် လေရှီး၊ နန်းယွန်း၊ လဟယ်မြို့နယ်များ၏ တည်နေရာနယ်နိမိတ်၊ အကျယ်အဝန်း၊ ရာသီဥတု၊ မြို့နယ်နှင့် မြို့နယ်ခွဲများ ဖွဲ့စည်းမှု၊ လူဦးရေနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် တင်ပြသည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များအား နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုကြစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး နန်းယွန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗန္ဓုလခန်းမ၌ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ရှင်ဗွေယန်-နန်းယွန်း - ပန်ဆောင်လမ်းမပေါ်ရှိ တံတားများ တည်ဆောက်ပေးနေမှု၊ လှေကားထစ်တောင်ယာဖော်ထုတ်နေမှု၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နေမှုအခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒေသလိုအပ်ချက်များကို တင်ပြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက နန်းယွန်းမြို့နယ်၌ စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ရေးနှင့် တောင်ယာစပါး မျိုးကောင်းမျိုးသန့်များ ဖြည့်ဆည်း ကူညီဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းငွေ့က နန်းယွန်း-ဒုံဟီး-လဟယ်လမ်း ၁၃၃ မိုင် ဖောက်လုပ်နေမှုနှင့် တံတားများ တည်ဆောက်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တင်ပြချက်များဖြစ်သည့် နန်းယွန်းမြို့နယ်တွင် အသစ်ဖွင့်လှစ်ရန် လိုအပ်သည့်နေရာများ၌ မူလတန်းကျောင်းသစ်များ ဖွင့်လှစ်ပေးခြင်း၊ ရှိပြီး မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများ အဆင့်တိုးမြှင့်ပေးခြင်း၊ လိုအပ်သည့် ကျောင်းများတွင် ကျောင်းဆောင်သစ်များ တိုးချဲ့တည်ဆောက်ပေးခြင်း၊ ဆရာ၊ ဆရာမနေအိမ်ခန်းများရရှိရေး၊ ဆေးရုံဆေးပေးခန်းများတွင် ဆေးပဒေသာပင်များ စိုက်ထူပေးခြင်းတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် မိမိတို့အဖွဲ့သည် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အခြေအနေများကို မျက်မြင်သိရှိနိုင်ရန်နှင့် လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးရန် လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ယခင်က ဤနန်းယွန်းမြို့နယ်၏ အရေးကိစ္စအဝဝကို ခန္တီးခရိုင်က တာဝန်ယူ ဆောင်ရွက်ပေးခဲ့သော်လည်း ယခုအခါ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လေရှီး၊ လဟယ်နှင့် နန်းယွန်းမြို့နယ်များကို နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် ဖွဲ့စည်းခဲ့ပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့က တာဝန်ယူလျက်ရှိကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များအနေဖြင့် ဒေသခံတိုင်းရင်းသားများဖြစ်သည်နှင့်အညီ ဒေသ၏အခြေအနေမှန်များကို သိမြင်ကြသူများဖြစ်၍ သက်ဆိုင်ရာဒေသ၏ လိုအပ်ချက်များကို ယခင်ကထက် ပိုမိုအနီးကပ်ဆောင်ရွက်ပေးနိုင်ကြပြီဖြစ်ကြောင်း။

ဤဒေသ၏ မြေယာအသုံးချမှုကို လေ့လာကြည့်ပါက လယ်မြေဧက ၅၀၀၀ ကျော်နှင့် ယာမြေဧက ၁၀၀၀၀ ကျော် ရှိကြောင်း၊ ဒေသဝမ်းစာဖူလုံရေးအတွက် တစ်ဖက်က စိုက်ဧကတိုးချဲ့ရင်း တစ်ဖက်က ရှိပြီးလယ်မြေများတွင် ပန်းတိုင်အထွက်နှုန်းများရရှိအောင် မျိုးကောင်းမျိုးသန့်ပြောင်းလဲ၍ လိုအပ်သည့် သွင်းအားစုများပံ့ပိုးပါက ဒေသတွင်း လူဦးရေများပြားမှုမရှိသဖြင့် ဝမ်းစာဖူလုံရုံမျှသာမက ပိုလျှံမှုရရှိလာမည် ဖြစ်ပါကြောင်း။

ဒေသ၏ ပညာရေး၊ ကျန်းမာရေး အဆင့်မြင့် တိုးတက်လာရေးအတွက် လိုအပ်သည့် ပံ့ပိုးကူညီပေးမှုများကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ ဝန်ထမ်းများကလည်း ဤဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုများ ခိုင်ခိုင်မာမာ ဖြစ်ထွန်းရေးအတွက် စေတနာထားဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြား လိုပါကြောင်း။

ဒေသလမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးအတွက် နန်းယွန်း-ဒုံဟီးလမ်းကို နွေမိုးဆောင်းသွားလာနိုင်ရေး၊ ရှင်ဗွေယန် - နန်းယွန်း - ပန်ဆောင်လမ်း၊ နောင်ယန်း အင်းပတ်လမ်းဖောက်လုပ်ရေးတို့ကို နှစ်စဉ်စီမံကိန်းများတွင် ထည့်သွင်း၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

နာဂဒေသ စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရေးအတွက် ဌာနဆိုင်ရာများ ပါဝင်သည့် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်း၍ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပူးပေါင်းပြီး ကွင်းဆင်းလေ့လာဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာပြီးနောက် ပြည်သူများက ရွေးကောက်တင်မြှောက်ခဲ့သည့် ကိုယ်စားလှယ်များက ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာသုံးရပ်ကို ခွဲဝေဆောင်ရွက်နေမှု၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လက်နက်ကိုင်ဆန့်ကျင်မှုများ ထာဝရချုပ်ငြိမ်းပပျောက်ရေးအတွက် ဆောင်ရွက်နေမှု၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်နေမှု၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် နိုင်ငံတကာအဆင့်ဖြစ်ထွန်းလာစေရေးအတွက် လိုအပ်သောပြုပြင်မှု၊ ပံ့ပိုးမှုပေးနေမှုအခြေအနေများနှင့် နိုင်ငံတော်၏ တိုးတက်ဖြစ်ပေါ် ပြောင်းလဲမှုများကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ယင်းနောက် နန်းယွန်းမြို့နယ် ဒေသခံပြည်သူများအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန **စာမျက်နှာ ၄ ကော်လံ ၁ သို့** ✱

တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများ

၂၀၁၂ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများအား တွေ့ရစဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

✻ စာမျက်နှာ ၃ မှ

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးက ကျောင်းဝတ်စုံများကို လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက အနွေးထည် အဝတ်အထည်များ၊ စောင်များနှင့် ဆိုလာမီးအိမ်များကို လည်းကောင်း၊ ရွှေသံလွင် ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းက DTH Sky Net ရုပ်သံဖမ်းစက်၊ ရုပ်မြင်သံကြားပြစက်နှင့် လက်ဆွဲမီးစက်တို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ မြို့နယ်အုပ်ချုပ်ရေးမှူးက လက်ခံသည်။

တွေ့ဆုံပွဲ၌ နန်းယွန်းမြို့နယ် လှေကားထစ်လယ်ယာဖော်ထုတ်ရေးနှင့် ရေမြောင်းသွယ်တန်းရန် လိုအပ်သောရန်ပုံငွေနှင့် နန်းယွန်းမြို့နယ် ဆေးရုံအတွက် ဆေးပဒေသာပင်အား ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် နန်းယွန်းမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပန်ဆောင်မြို့သို့ ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ပန်ဆောင်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ အားပေးစကားပြောကြားကာ လိုအပ်ချက်များကို မေးမြန်းသည်။

ဒုတိယသမ္မတသည် ဆောက်လုပ်ဆဲ ကျောင်းဆောင်သစ်ပြီးစီးရေး၊ ဆရာ၊ ဆရာမနေအိမ်များ ဆောက်လုပ်ရေး၊ Multi Media Classroom ဖွင့်လှစ်ရေးနှင့် ကျောင်း၏ လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်တိုးတက်လာအောင် မိဘ၊ ဆရာနှင့် ကျောင်းသားများ ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ပန်ဆောင်မြို့အတွင်း ဈေးဆိုင်ဖွင့်လှစ်ရောင်းချနေသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ပန်ဆောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး နောင်ယန်းခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံသည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ပန်ဆောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး နောင်ယန်းခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ဒုတိယသမ္မတက အစည်းအဝေးသို့ တက်ရောက်လာကြသည့် မြို့မိမြို့ဖများအား ဒေသအခြေအနေများကို မေးမြန်းပြီးနောက် အမှာစကားပြောကြားရာတွင် မိမိတို့အဖွဲ့သည် ပန်ဆောင်သို့မလာမီ နန်းယွန်းမြို့သို့ ဝင်ရောက်၍ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့မိမြို့ဖများနှင့် တွေ့ဆုံကာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖွံ့ဖြိုးမှုကို လေ့လာကြည့်ရှုရင်း လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း။

ယခု ပန်ဆောင်ကျောင်းတွင်လည်း အဆောက်အအုံပိုင်း၊ သင်ကြားမှုပိုင်းများအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ပန်ဆောင်မြို့နယ်ခွဲအပါအဝင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုလုံး၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးတို့အတွက် လိုအပ်ချက်များကိုလည်း ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ပါကြောင်း၊ အထူးသဖြင့် နာဂဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်မည့် ဖောင်ဒေးရှင်းရန်ပုံငွေနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ မိမိနှင့်အတူပါလာသည့် လုပ်ငန်းရှင်များ ပူးပေါင်း၍ ထူထောင်ပေးရန် ရှိပါကြောင်း၊ ဤလုပ်ငန်းများကိုလည်း နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့က ဦးစီး၍ ဒေသခံရပ်မိရပ်ဖများက တာဝန်ယူကြီးကြပ်ရန် လိုအပ်သည်များကို စနစ်တကျ ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း။

ယနေ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် ဖွဲ့စည်းထူထောင်ခဲ့ပြီး နာဂတိုင်းရင်းသားများကိုယ်စားလှယ်များကိုယ်တိုင် နာဂဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို အနီးကပ်ဦးဆောင်ဦးရွက် ပြုနေကြပြီဖြစ်ပါကြောင်း။

ထို့ကြောင့် ဒေသနေတိုင်းရင်းသားများအနေဖြင့် မိမိဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ ဦးဆောင်မှုဖြင့် တက်တက်ကြွကြွ ဆောင်ရွက်ကြရေး မှာကြားသည်။

ဒုတိယသမ္မတသည် ပန်ဆောင်မြို့ ရေရရှိရေးလုပ်ငန်းအတွက် လိုအပ်သောရန်ပုံငွေ၊ တိုက်နယ်ဆေးရုံအတွက် ဆေးပဒေသာပင်ရန်ပုံငွေတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ဆောက်လုပ်ဆဲ နှစ်ထပ်ကျောင်းဆောင်အတွက် ရန်ပုံငွေ၊ ကျောင်းဆရာ၊ ဆရာမများနေထိုင်ရန် လိုအပ်သော ဝန်ထမ်းအိမ်ရာများ တည်ဆောက်ရေးတို့အတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ အတူလိုက်ပါလာသော လုပ်ငန်းရှင်များနှင့် ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးနှင့် ဒုတိယဝန်ကြီး ဦးဘုန်းဆွေတို့က အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများကို လည်းကောင်း၊ ရွှေသံလွင်ကုမ္ပဏီ ဥက္ကဋ္ဌက DTH Sky Net ရုပ်သံဖမ်းစက်၊ ရုပ်မြင်သံကြားပြစက်နှင့် လက်ဆွဲမီးစက်တို့ကို လည်းကောင်း ဒေသခံပြည်သူများအတွက် ပေးအပ်လှူဒါန်းကြရာ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးနှင့် မြို့မိမြို့ဖ တိုင်းရင်းသားများက လက်ခံကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ပန်ဆောင်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ခန္တီးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး နန်းယွန်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး နန်းယွန်းမြို့နယ် ဒေသခံပြည်သူများအတွက် ကျောင်းဝတ်စုံများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦး ဘုန်း ဆွေ ပန်ဆောင်မြို့ရှိ ဒေသခံပြည်သူများအတွက် အဝတ်အ ထည် နှင့် လူသုံးကုန်ပစ္စည်းများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အသေးစားငွေရေးကြေးရေးလုပ်ငန်းအကြောင်း သိကောင်းစရာများ

မောင်ဘဏ္ဍာအခွန်

မြန်မာနိုင်ငံတွင် လက်ရှိလူဦးရေ သန်း ၆၀ ရှိသည့် အနက် ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင်နေထိုင်ကြပြီး အများစုမှာ တောင်သူလယ်သမားများဖြစ်ကြပါသည်။ ယင်းကျေးလက်နေပြည်သူများအား စီးပွားရေးအခွင့်အလမ်းများ ပိုမိုဖြစ်ထွန်းအောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး ဆင်းရဲနွမ်းပါးမှုများကိုလည်း အထိုက်အလျောက် လျှော့ချသွားနိုင်မည် ဖြစ်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို ကြီးကြပ်လမ်းညွှန်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော **"ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဗဟိုကော်မတီ"**အား ၂၀၁၁ ခုနှစ် ဇွန်လ ၁၀ ရက်နေ့တွင် ဖွဲ့စည်း၍ လုပ်ငန်း(၈)ရပ် အကောင်အထည်ဖော်ဆောင်ရွက်ရန် ချမှတ်ခဲ့ပါသည်။ ဆက်လက်၍ လုပ်ငန်း(၈)ရပ်ကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် လုပ်ငန်းကော်မတီများနှင့် ပေါင်းစပ်ကူညီဆောင်ရွက်ပေးနိုင်ရန် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော **"ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကော်မတီ"** အား ဖွဲ့စည်းခဲ့ပါသည်။ လုပ်ငန်း (၈)ရပ်အနက် **"အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း"**မှာ တစ်ရပ်အပါအဝင် ဖြစ်ပါသည်။

သို့ဖြစ်၍ ယင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆောင်သော **"အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ"** ကို ဇူလိုင်လ ၇ ရက်နေ့တွင် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ အသေးစားငွေရေးကြေးရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ရန် လိုအပ်လျက်ရှိသော**"အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ"**ကို နိုဝင်ဘာလ ၃၀ ရက်နေ့တွင် **"၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၁၃"** ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။ ဥပဒေနှင့်အညီ အသေးစားငွေရေးကြေးရေးလုပ်ငန်းများကို စနစ်တကျ ကြီးကြပ်အကောင်အထည်ဖော် ဆောင်ရွက်ရန် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆောင်သော **"အသေးစား ငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီအား"** ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။ ကြီးကြပ်မှုကော်မတီ၏ (၁/၂၀၁၂) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပခဲ့ပြီးဖြစ်၍ ကျေးလက်နေပြည်သူများလိုအပ်လျက်ရှိသော ငွေကြေးအရင်းအနှီးများ ဖော်ဆောင်ပေးမည့် အသေးစားငွေရေးကြေးရေးလုပ်ငန်းများ မကြာမီ ဥပဒေနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လာနိုင်တော့မည် ဖြစ်ပါသည်။

အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်လိုသော အဖွဲ့အစည်းများ၊ အသေးစားချေးငွေရယူလိုသော အခြေခံလူတန်းစား ကျေးလက်နှင့်မြို့ပြနေပြည်သူများ သိသင့်သိထိုက်သောအချက်များကို ဂယနဏ သိရှိနိုင်စေရန် စုစည်းဖော်ပြလိုက်ပါသည်။

သိသင့်သိထိုက်သောအချက်များ

မေး။ အသေးစားငွေရေးကြေးရေး လုပ်ငန်းဆိုတာ ဘာကိုဆိုလိုပါသလဲ။

ဖြေ။ အခြေခံလူတန်းစားအား အသေးစားချေးငွေထုတ်ပေးခြင်း၊ ယင်းတို့ထံမှ အပ်ငွေလက်ခံခြင်း၊ ငွေလွှဲပြောင်းပေးပို့ခြင်း၊ အာမခံလုပ်ငန်းလုပ်ကိုင်ခြင်း၊ ပြည်တွင်း ပြည်ပမှ ငွေချေးယူခြင်းနှင့် အခြားငွေရေးကြေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ဆိုလိုပါတယ်။

မေး။ အခြေခံလူတန်းစားဆိုတာ ဘယ်သူတွေပါလဲ။

ဖြေ။ ကျေးလက်နှင့်မြို့ပြနေ ဝင်ငွေနည်းပါးသည့် တောင်သူလယ်သမားများ၊ အလုပ်သမားများနှင့် ဈေးသည်များ အပါအဝင် ပြည်သူများကို ဆိုလိုပါတယ်။

မေး။ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းဆိုတာ ဘာပါလဲ။

ဖြေ။ အခြေခံလူတန်းစား၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရန်နှင့် ယင်းတို့၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားစေရန် မတည်ငွေ၊ လှူဒါန်းငွေနှင့် ထောက်ပံ့ငွေများ ထည့်ဝင်ပြီး လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရယူ၍ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်သည့် သက်ဆိုင်ရာဥပဒေအရ ဖွဲ့စည်းမှတ်ပုံတင်ထားသော ပြည်တွင်း ပြည်ပမှ အဖွဲ့အစည်း၊ အစုစပ်လုပ်ငန်း၊ ကုမ္ပဏီ၊ သမဝါယမအသင်း၊ ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများကို ဆိုလိုပါတယ်။

မေး။ အသေးစားချေးငွေဆိုတာ ဘာကိုဆိုလိုပါသလဲ။

ဖြေ။ အခြေခံလူတန်းစား၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရန်နှင့် ယင်းတို့၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရန် အာမခံပစ္စည်း(အပေါင်ပစ္စည်း)တင်သွင်းရန် မလိုဘဲ ထုတ်ချေးသည့်ငွေကို ဆိုလိုပါတယ်။

မေး။ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်လိုသည့် အဖွဲ့အစည်းများအနေဖြင့် ဘယ်လိုဆက်သွယ်ဆောင်ရွက်ရပါမလဲ။

ဖြေ။ မိမိဆောင်ရွက်လိုသည့် နယ်မြေဒေသအလိုက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီတို့တွင် ဖွဲ့စည်းထားသည့် **"အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ"** များနှင့်သော်လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်အတွင်း **"မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း"** နှင့်သော်လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်ပါတယ်။

မေး။ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်လိုသည့် အဖွဲ့အစည်းများသည် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ရရှိရန် မည်သို့လျှောက်ထားရပါမလဲ။

ဖြေ။ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်လိုသည့် အဖွဲ့အစည်းများသည် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို သက်ဆိုင်ရာလုပ်ငန်းကော်မတီမှတစ်ဆင့် ကြီးကြပ်မှု ကော်မတီသို့ သတ်မှတ်ထားသည့် လျှောက်လွှာပုံစံ အမ်အက်ဖ်အိုင်(စ်)-၀၁နှင့်အတူ ဖြစ်နိုင်ခြေလေ့လာချက်အား ပူးတွဲတင်ပြ၍ လျှောက်ထားနိုင်ပါတယ်။ မတည်ငွေရင်းအပြည့်အဝကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်နှင့် နေပြည်တော်အတွင်း သတ်မှတ်ထားသော မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာ့အသေးစား ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း၏ ငွေစာရင်းသို့ ပေးသွင်းရပါမယ်။ အဆိုပါထည့်ဝင်ပြီး မတည်ငွေရင်းကို ကြီးကြပ်မှုကော်မတီက လိုင်စင်ထုတ်ပေးမှုလုပ်ငန်းများ ပြီးစီးမှသာ ပြန်လည်ထုတ်ယူခွင့်ရှိပါတယ်။ကြီးကြပ်မှုကော်မတီအနေဖြင့် လျှောက်လွှာပုံစံပါ ဖြည့်စွက်ချက်များနှင့် ဖြစ်နိုင်ခြေလေ့လာချက်တို့ကို စိစစ်ပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မေး။ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် လျှောက်ထားပြီး လိုင်စင်ရရှိရန် မည်မျှကြာပါသလဲ။

ဖြေ။ ကြီးကြပ်မှုကော်မတီသည် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်လျှောက်ထားခြင်းကို လက်ခံရရှိပြီး ရက်ပေါင်း ၃၀ အတွင်း လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးမှာ ဖြစ်ပါတယ်။

မေး။ လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရရှိသည့်နေ့မှစ၍ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကြေးကို ဘယ်နှရက်အတွင်း ပေးသွင်းရပါမလဲ။

ဖြေ။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ရရှိသည့်နေ့မှစ၍ ၁၅ ရက်အတွင်း သတ်မှတ်သည့်လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ကြေးကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်နှင့်နေပြည်တော် အတွင်း သတ်မှတ်ထားသော မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း၏ ငွေစာရင်းသို့ ပေးသွင်းရပါမယ်။

မေး။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသည့်နေ့မှ ဘယ်နှလအတွင်း လုပ်ငန်းစတင်ရပါမလဲ။

ဖြေ။ လိုင်စင်ရရှိသည့်နေ့မှ ခြောက်လအတွင်း လုပ်ငန်းစတင်လုပ်ရမှာဖြစ်ပါတယ်။

မေး။ လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်လျှောက်ထားရာတွင် အနည်းဆုံးထည့်ဝင်ပြီး မတည်ငွေရင်းကို မည်မျှသတ်မှတ်ထားပါသလဲ။

ဖြေ။ အနည်းဆုံးထည့်ဝင်ပြီး မတည်ငွေရင်းကို အပ်ငွေလက်ခံခြင်းမပြုသည့် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများအတွက် ကျပ် ၁၅ သန်း၊ အပ်ငွေလက်ခံသည့်အဖွဲ့အစည်းများအတွက် ကျပ် သန်း ၃၀ သတ်မှတ်ထားပါတယ်။

မေး။ အပ်ငွေလက်ခံခြင်းမပြုသည့် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းဆိုတာ ဘာကိုဆိုလိုပါသလဲ။

ဖြေ။ အများပြည်သူထံမှ အပ်ငွေမဟုတ်သော အခြားနည်းဖြင့် စုစည်းရရှိသည့် ရန်ပုံငွေနှင့် အသေးစားချေးငွေ ရယူသည့်အခါတိုင်း အသင်းသားများက မဖြစ်မနေ စုဆောင်းရသည့် စုဆောင်းငွေများ လက်ခံ၍ အသေးစားချေးငွေထုတ်ပေးသည့် အဖွဲ့အစည်းကို ဆိုလိုပါတယ်။

မေး။ အပ်ငွေလက်ခံသည့် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းဆိုတာ ဘာကိုဆိုလိုပါသလဲ။

ဖြေ။ အများပြည်သူထံမှ အပ်ငွေမဟုတ်သော အခြားနည်းဖြင့် စုစည်းရရှိသည့်ရန်ပုံငွေ၊ အသေးစားချေးငွေ ရယူသည့်အခါတိုင်း အသင်းသားများက မဖြစ်မနေ စုဆောင်းရသည့် စုဆောင်းငွေအပြင် မိမိဆန္ဒအလျောက် စုဆောင်းသည့် အပ်ငွေများဖြင့် အသေးစားချေးငွေ ထုတ်ပေးသည့် အဖွဲ့အစည်းကို ဆိုလိုပါတယ်။

မေး။ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကြေးကို မည်မျှသတ်မှတ်ထားပါသလဲ။

ဖြေ။ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကြေးကို ကနဦး ထည့်ဝင်ပြီး မတည်ငွေရင်း၏ သုည ဒသမ ၁ ရာခိုင်နှုန်း သတ်မှတ်ထားပါတယ်။

မေး။ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းသည် သတ်မှတ်လိုင်စင်ကြေးကို လိုင်စင်ထုတ်ပေးသည့်နေ့မှ ဘယ်နှရက်အတွင်း ပေးသွင်းရပါမလဲ။

ဖြေ။ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများသည် သတ်မှတ်လိုင်စင်ကြေးကို လိုင်စင်ထုတ်ပေးသည့်နေ့မှ ၁၅ ရက်အတွင်း ပေးသွင်းရပါမယ်။

မေး။ နှစ်စဉ်လိုင်စင်ကြေးကို မည်မျှသတ်မှတ်ထားပါသလဲ။

ဖြေ။ ထည့်ဝင်ပြီးမတည်ငွေရင်း၏ သုည ဒသမ ၁ ရာခိုင်နှုန်းနှင့်ညီမျှသော ပမာဏကို နှစ်စဉ်လိုင်စင်ကြေးအဖြစ် သတ်မှတ်ထားပါတယ်။

မေး။ နှစ်စဉ်လိုင်စင်ကြေးကို ဘယ်ကာလမှာ ပေးသွင်းရပါမလဲ။

ဖြေ။ နှစ်စဉ်လိုင်စင်ကြေးကို ဘဏ္ဍာရေးနှစ် ဧပြီလတွင် ပေးသွင်းရပါမယ်။

မေး။ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို သက်တမ်းမည်မျှ သတ်မှတ်ထားပါသလဲ။

ဖြေ။ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ထုတ်ပေးရာတွင် သက်တမ်းကန့်သတ်ချက် မထားရှိပါ။

မေး။ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများအနေဖြင့် မည်သည့်လုပ်ငန်းများ လုပ်ကိုင်နိုင်ပါသလဲ။

ဖြေ။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအနေဖြင့် ကြီးကြပ်မှုကော်မတီ၏ ခွင့်ပြုချက်ဖြင့် အသေးစားချေးငွေထုတ်ပေးခြင်း၊ အပ်ငွေလက်ခံခြင်း၊ ငွေလွှဲပြောင်းပေးပို့ခြင်း၊ အာမခံလုပ်ငန်းလုပ်ကိုင်ခြင်း၊ ပြည်တွင်းပြည်ပမှ ငွေချေးယူခြင်းနှင့် အခြားငွေရေးကြေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ပါတယ်။ ယခု လောလောဆယ်ကြီးကြပ်မှုကော်မတီအနေဖြင့် **"အသေးစားချေးငွေထုတ်ပေးခြင်း"** နှင့် **"အပ်ငွေလက်ခံခြင်း"** လုပ်ငန်းများကိုသာ ခွင့်ပြုဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

မေး။ လက်ရှိဆောင်ရွက်နေသော အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများသည် လိုင်စင်လျှောက်ရန် လိုအပ်ပါသလား။

ဖြေ။ လက်ရှိဆောင်ရွက်နေသော အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများသည် အသေးစားငွေရေးကြေးရေးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်လျှောက်ထားရန် လိုအပ်ပါတယ်။ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်အား အသေးစားငွေရေး ကြေးရေးလုပ်ငန်း ဥပဒေပြဋ္ဌာန်းသည့်နေ့မှ သုံးလအတွင်း လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရရှိရန် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီ အသေးစားငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီမှတစ်ဆင့် ကြီးကြပ်မှုကော်မတီသို့ လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်လျှောက်ထားရပါမယ်။

မေး။ အခြေခံလူတန်းစားများကို မည်ကဲ့သို့ ငွေချေးပါသလဲ။

ဖြေ။ အခြေခံလူတန်းစားများကို စိတ်တူကိုယ်တူ အချင်းချင်း ရိုင်းပင်းကူညီကြစေရန် အဖွဲ့ဖွဲ့၍ အဖွဲ့စနစ်ဖြင့် တာဝန်ယူပြီး ငွေချေးပေးပါတယ်။

မေး။ အတိုးနှုန်းကို မည်သို့သတ်မှတ်ထားပါသလဲ။

ဖြေ။ အသေးစားချေးငွေအပေါ် အတိုးနှုန်းအား ကျပ် ၁၀၀ တစ်လလျှင် ၂ ဒသမ ၅ ကျပ်၊ တစ်နှစ်လျှင် ၃၀ ကျပ်နှုန်းထက်မများရန်၊ အပ်ငွေပေါ် အတိုးနှုန်းအား ကျပ် ၁၀၀ တစ်လလျှင် ၁ ဒသမ ၂၅ ကျပ် တစ်နှစ်လျှင် ၁၅ ကျပ်နှုန်းထက် မနည်းရန် သတ်မှတ်ထားပါတယ်။

မေး။ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီသို့ တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော် တစ်ခုတည်းသာ မဟုတ်ဘဲ တစ်ခုထက်ပိုပြီး လုပ်ငန်းလုပ်ကိုင်လိုကြောင်း၊ အသေးစားငွေရေးကြေးရေး လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် တိုက်ရိုက်လျှောက်ထား၍ ရပါသလား။

ဖြေ။ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် နေပြည်တော်တစ်ခုတည်းသာမဟုတ်ဘဲ တစ်ခုထက်ပိုပြီး လုပ်ငန်းလုပ်ကိုင်လိုကြောင်း၊ အသေးစားငွေရေးကြေးရေး လုပ်ငန်း ကြီးကြပ်မှုကော်မတီသို့ တိုက်ရိုက်လျှောက်ထားလာပါက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီ အသေးစားငွေရေးကြေးရေး လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီများ၏ စိစစ်ခွင့်ပြုချက်များ ပူးတွဲပါရှိရန် လိုအပ်ပါတယ်။

မေး။ ထည့်ဝင်ပြီး မတည်ငွေရင်းကို မည်သို့ ပေးသွင်းရပါသလဲ။

ဖြေ။ အသေးစားငွေရေးကြေးရေးလုပ်ငန်း ဆောင်ရွက်လိုသော အဖွဲ့အစည်းများသည် ထည့်ဝင်ပြီး မတည်ငွေရင်းကို ငွေသားဖြင့် (Show Money) ပေးသွင်းရပါမည်။ အသေးစားငွေရေးကြေးရေး လုပ်ငန်း ဥပဒေမပြဋ္ဌာန်းမီ လက်ရှိလုပ်ကိုင်ဆောင်ရွက်လျက်ရှိသော အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ မတည်ငွေ (Show Money)အဖြစ် တင်ပြရာမှာ လည်ပတ်မတည်ငွေများအား စာရင်းဇယား အထောက်အထားခိုင်လုံစွာရယူ၍ အတည်ပြုပေးရမှာဖြစ်ပါတယ်။ ။

မိုးမိတ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၁၅

မိုးမိတ်မြို့နယ်အသင်း (ရန်ကုန်)၏ သတ္တမအကြိမ် နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၉ ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ မြို့နယ်သူ၊ မြို့နယ်သားများအားလုံး သာသနာ့ရာမိကျောင်းတိုက် အမှတ်(၉၀) မင်းလမ်း ဆရာစံတောင်ရပ်ကွက်သို့ တက်ရောက်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

နှစ်ဖက်မိဘများအား ရည်စူး၍ ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်နေ ဦးကျော်ညွန့် (ညွန်ကြားရေးမှူး-ငြိမ်း၊ ရွှေနေချုပ်ရုံး)-ဒေါ်မြမြ (အထပြ-ငြိမ်း) မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးဝင်းလွင် လက်ခံစဉ်။

(ဇီဝိတဒါနသံဃာ့ဆေးရုံ)

စာကြည့်တိုက်လုပ်ငန်း ကျွမ်းကျင်မှုအခြေခံအဆင့် သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းကကြီးမှူးဖွင့်လှစ်သော စာကြည့်တိုက်လုပ်ငန်း ကျွမ်းကျင်မှုအခြေခံအဆင့် (၁/၂၀၁၂) သင်တန်းကို တစ်လကြာဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစာကြည့်တိုက်အသင်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

အဆိုပါ သင်တန်းကို ဇန်နဝါရီ ၁၇ ရက်မှ ဖေဖော်ဝါရီ ၁၇ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဝန်ကြီးဌာန အသီးသီးရှိ စာကြည့်တိုက်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသော စာကြည့်တိုက်ဝန်ထမ်းများ၊ စာကြည့်တိုက်ပညာစိတ်ဝင်စားသူများ အရည်အချင်းမြင့်မားစွာ တာဝန်ထမ်းဆောင်နိုင်စေရန် ဖွင့်လှစ်ခြင်းဖြစ်သကဲ့သို့ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းက စာကြည့်တိုက်ပညာ ပြန့်ပွားရေးလုပ်ငန်းစဉ်တစ်ရပ်အရ ယင်းကဲ့သို့ အကောင်အထည်ဖော် ဖွင့်လှစ်ပေးခြင်းလည်းဖြစ်ကြောင်း သိရသည်။

သင်တန်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းရုံးရှိရာ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် သီရိမင်္ဂလာရိပ်သာလမ်းသွယ် အမှတ်(၈၅) ရှိ အမျိုးသားစာကြည့်တိုက်သို့လည်းကောင်း ဖုန်း-၀၁-၆၆၀၃၈၇၊ ၆၆၃၉၀၂ နှင့် ၀၉-၅၁၉၅၄၆၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (၆၈၀)

ခြောက်လကြာမျှ မြေအောက်လိုဏ်ခေါင်း တူးဖော်၍ ငွေခိုးယူခံခဲ့ရသော အလိုအလျောက် ငွေထုတ်စက်။

ဗြိတိန်တွင် လိုဏ်ခေါင်းတူး၍ အေတီအမ်စက်အတွင်းမှ ငွေခိုးသူ ပေါင် ၆၀၀၀ သာရ

လန်ဒန် ဇန်နဝါရီ ၁၅

ဗြိတိန်နိုင်ငံ အနောက်မြောက်ပိုင်း မန်ချက်စတာမြို့တွင် အလိုအလျောက်ငွေထုတ်စက် (အေတီအမ်)အတွင်းမှ ငွေများ ခိုးယူရေးအတွက် ပေ ၁၀၀ ရှည်သည့် ဥမင်လိုဏ်ခေါင်းကို သူခိုးများက ခြောက်လကြာ တူးဖော်ခဲ့ရသော်လည်း ပေါင် ၆၀၀၀ မျှသာ ရရှိသွားကြောင်း ဗြိတိသျှတာဝန်ရှိသူများက ဇန်နဝါရီ ၁၄ ရက်တွင် ပြောကြားသည်။

မန်ချက်စတာမြို့ ဗီဒီယိုအရောင်းဆိုင်တစ်ဆိုင်၏ ကားများ ရပ်နားရန်နေရာအောက်မှ စတင်တူး၍ အေတီအမ်စက်ထဲမှငွေများကို ခိုးယူခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောသည်။

သေချာစွာပြုလုပ်ထား

လိုဏ်ခေါင်းအတွင်း၌ လျှပ်စစ်မီးများတပ်ဆင်ထားပြီး အမိုးဒေါက်တိုင်များဖြင့် သေချာစွာပြုလုပ်ထားသည်။ လိုဏ်ခေါင်းအမိုးတွင် အပေါက်သေးများဖောက်ထား၍ ယင်းအပေါက်မှ တယ်လီစကုပ်ကင်မရာတပ်ဆင်ကာ လုပ်ငန်းပြီးစီးမှုအခြေအနေကို လေ့လာကြသည်ဟုဆိုသည်။

မှုခင်းစုံထောက် အီယန်ရှိုးက ၎င်း၏တာဝန်ထမ်းဆောင်သည့်ကာလတစ်လျှောက် ဤသို့သောဖြစ်ရပ်မျိုးကို တစ်ကြိမ်မျှ မကြုံခဲ့ဖူးကြောင်း၊ သူခိုးများသည် အဆိုပါ ငွေခိုးယူရေးအမှုကို ကျူးလွန်ရန် အချိန်များစွာယူ၍ စီစဉ်ခဲ့ကြရကြောင်း ပြောသည်။

သတင်းပေးတစ်ဦးက အေပီသတင်းဌာနသို့ ပြောကြားရာတွင် အေတီအမ်စက်အတွင်း၌ ပေါင် ၆၀၀၀ သာ ရှိသည်ဟု ဆိုသည်။

အင်တာနက်။

နျူကလီးယားသိပ္ပံပညာရှင် လုပ်ကြံခံရမှုနောက်ကွယ်၌ အမေရိကန်၏ ပယောဂမကင်းကြောင်း အီရန်စွပ်စွဲ

တီဟီရန် ဇန်နဝါရီ ၁၅

အီရန်နျူကလီးယား သိပ္ပံပညာရှင်တစ်ဦး နောက်ဆုံး သတ်ဖြတ်ခံရမှု၏နောက်ကွယ်၌ အမေရိကန်ပြည်ထောင်စု၏ ပယောဂ မကင်းသည့် သက်သေအထောက်အထားများကို မိမိတို့ ရရှိထားပြီဖြစ်ကြောင်း အီရန်နိုင်ငံက ဇန်နဝါရီ ၁၄ ရက်တွင် ပြောကြားခဲ့သည်။

အသက် (၃၂)နှစ်အရွယ် အီရန်နျူကလီးယား သိပ္ပံပညာရှင် မော့စတာဖာအာမဒီရိုရှန်းဆိုသူ စီးနင်းလာသော မော်တော်ယာဉ်သည် တီဟီရန်မြို့လယ်၌ ဇန်နဝါရီ ၁၁ရက်က သံလိုက်ဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခံရခြင်းကြောင့် အဆိုပါ နျူကလီးယားသိပ္ပံပညာရှင်နှင့် ၎င်း၏ယာဉ်မောင်းတို့ သေဆုံးခဲ့ရသည်။

မော့စတာဖာအာမဒီရိုရှန်းသည် နှစ်နှစ်အတွင်း ပဉ္စမမြောက် လုပ်ကြံသတ်ဖြတ်ခံခဲ့ရသော အီရန်သိပ္ပံပညာရှင်တစ်ဦး ဖြစ်လာခဲ့သည်။

သို့ရာတွင် နျူကလီးယားသိပ္ပံပညာရှင် လုပ်ကြံခံရမှု နောက်ကွယ်၌ အမေရိကန်ပြည်ထောင်စု ပါဝင်နေကြောင်း အီရန်၏စွပ်စွဲချက်ကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က ငြင်းပယ်ခဲ့သည်။ အလားတူ အီရန်သိပ္ပံပညာရှင် လုပ်ကြံခံရမှု၌ မိမိတို့ ပါဝင်ပတ်သက်ခြင်းမရှိခဲ့ကြောင်း အစ္စရေးသမ္မတ ရှီမွန်ပီးရက်စ်က ပြောကြားခဲ့သည်။

အမေရိကန် ဗဟိုထောက်လှမ်းရေးအေဂျင်စီ(စီအိုင်အေ)၏ လမ်းညွှန်ထောက်ပံ့မှုဖြင့် အကြမ်းဖက်သမားများက အီရန်သိပ္ပံပညာရှင်ကို လုပ်ကြံခဲ့သည့် အထောက်အထားများအား မိမိတို့ရရှိထားကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက တီဟီရန်မြို့တော်ရှိ ဆွစ်ဇာလန်သံအမတ်ကြီးသို့ ပေးအပ်ခဲ့သောစာတွင် ဖော်ပြထားသည်။

အီရန်သမ္မတ မာမွတ်အမာဒီနီဂျက်။

အီရန်နျူကလီးယား အစီအစဉ်ကို လမ်းချော်စေမည့် ပြဿနာမှန်သမျှအတွက် အီရန်နိုင်ငံသည် ယခင်က အစ္စရေးနိုင်ငံကိုသာ အပြစ်ဖို့လေ့ရှိသည်။ **အင်တာနက်။**

ပြင်သစ်တိုက်လေယာဉ်နှင့် ဆော်ဒီတိုက်လေယာဉ် ဝေဟင်၌ဝင်တိုက်

ရီယက်ဒ် ဇန်နဝါရီ ၁၅

ဆော်ဒီအာရေဗျနိုင်ငံမြောက်ပိုင်း တာဘတ်ခ်ဒေသ၌ ပူးတွဲလေကြောင်း လေ့ကျင့်မှုတစ်ရပ်ပြုလုပ်ခဲ့စဉ် ပြင်သစ်လေတပ်မှ မီရတ်ချ် တိုက်လေယာဉ်တစ်စင်းနှင့် ဆော်ဒီလေတပ်မှ အက်ဖ်-၁၅ လေယာဉ်တစ်စင်းတို့ ကောင်းကင်ယံတွင် ဝင်တိုက်မိခဲ့သော်လည်း လူအသေအပျောက်မရှိကြောင်း ဆော်ဒီနိုင်ငံပိုင် သတင်းဌာနတစ်ခုက ဇန်နဝါရီ ၁၄ ရက်တွင် ပြောကြားခဲ့သည်။

ဆော်ဒီလေတပ်မှ လေယာဉ်မှူးနှင့် ပြင်သစ်လေတပ်မှ လေယာဉ်မှူးနှစ်ဦးတို့သည် လေယာဉ်များအတွင်းမှ ဘေးကင်းစွာ ခုန်ထွက်နိုင်ခဲ့ပြီး ၎င်းတို့ကို မြောက်ပိုင်းဒေသစစ်ဌာနချုပ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။

တိုက်လေယာဉ်နှစ်စင်း ဝေဟင်တွင် တိုက်ရခြင်း၏ အကြောင်းရင်းကို လေ့လာစိစစ်ရန် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း ဆော်ဒီအာရေဗျနိုင်ငံ၏ နိုင်ငံပိုင် သတင်းဌာနက ပြောကြားခဲ့သည်။

ပြီးခဲ့သည့်နှစ်မေလက ဆော်ဒီလေတပ်မှ အက်ဖ်-၁၅ ဂျက်တိုက်လေယာဉ်တစ်စင်းသည် နိုင်ငံအရှေ့ပိုင်းဒေသ၌ လေ့ကျင့်ပျံသန်းမှုပြုလုပ်စဉ်အတွင်း ပျက်ကျခဲ့ရာ လေယာဉ်မှူး သေဆုံးခဲ့ရသည်။

အင်တာနက်။

အာဖဂန်နစ္စတန်တွင် အမေရိကန်ရဟတ်ယာဉ်တစ်စင်း ပျက်ကျ

ကဘူး ဇန်နဝါရီ ၁၅

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း လိုဂါပြည်နယ်၌ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)ဦးဆောင်သော နိုင်ငံတကာ လုံခြုံရေးအထောက်အကူပြုတပ်ဖွဲ့(အိုင်အက်စ်အေအက်ဖ်) တပ်ဖွဲ့ဝင်များ၏ ရဟတ်ယာဉ်တစ်စင်း ဇန်နဝါရီ ၁၄ ရက်က ပျက်ကျသွားကြောင်း ဇန်နဝါရီ ၁၅ ရက် ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

အဆိုပါ ရဟတ်ယာဉ်သည် လိုဂါပြည်နယ် ဘာရာကီခရိုင်တွင် ပျက်ကျခြင်းဖြစ်သည်။ ရဟတ်ယာဉ်ပျက်ကျရသည့် အကြောင်းရင်းနှင့် သေကျေပျက်စီးမှုများကို တရားဝင် ပြောကြားခြင်းမရှိသေးချေ။ ထို့ပြင် တာလီဘန်များ၏ လက်ချက်ဟုတ်၊ မဟုတ်လည်း ထင်မြင်ချက်မပေးနိုင်ချေ။

လွန်ခဲ့သော လအနည်းငယ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံ နေရာဒေသများစွာ၌ နေတိုးရဟတ်ယာဉ်များနှင့် လေယာဉ်အချို့ကို ပစ်ချတိုက်ခိုက်ခဲ့ကြောင်း တာလီဘန်များက ပြောကြားခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ဝါဒက်ခ်ပြည်နယ်တွင် လွန်ခဲ့သောနှစ်က အမေရိကန်ရဟတ်ယာဉ်တစ်စင်းကို တာလီဘန်စစ်သွေးကြွများက ပစ်ခတ်တိုက်ခိုက်ခဲ့ရာ စီးနင်းလိုက်ပါလာသော အမေရိကန် အထူးတပ်ဖွဲ့ဝင် ၃၀ ဦးသေဆုံးခဲ့ရသည်။ ယင်းဖြစ်ရပ်သည် အာဖဂန်နိုင်ငံသို့ အမေရိကန် တပ်ဖွဲ့ဝင်များ ဝင်ရောက်ကျူးကျော်ခဲ့သည့် ၂၀၀၁ ခုနှစ်မှ စတင်၍ အမေရိကန် တပ်ဖွဲ့ဝင် အများဆုံး သေဆုံးမှုကြီးဖြစ်သည်။

အမေရိကန်ဦးဆောင်သည့် အာဖဂန်စစ်ပွဲသည် အမေရိကန်သမိုင်းတွင် အရှည်ကြာဆုံး စစ်ပွဲတစ်ပွဲဖြစ်လာသည်။

အင်တာနက်။

အာဖဂန်နစ္စတန်စစ်မြေပြင်၌ ပျက်ကျခဲ့သော နေတိုးရဟတ်ယာဉ်တစ်စင်း။

စပါးကြီးမြွေများ နယ်ကျော်ပေါက်ဖွားမှု ဆားငန်ရည်ဖြင့် တား၍ရနိုင်ဖွယ်မရှိ

ဂျက်ဆင်ဗေးလ် ဇန်နဝါရီ ၁၅

အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် အဲဗားဂလိတ် အမျိုးသားဥယျာဉ်မှ Burmese မျိုးရင်းဝင် စပါးကြီးမြွေများ နယ်ကျော်ပေါက်ဖွားမှုကို ဆားငန်ရည်ဖြင့် တားဆီးနိုင်ဖွယ်မရှိကြောင်း လေ့လာချက်တစ်ရပ်အား ကိုးကား၍ ဇန်နဝါရီ ၁၃ရက် သတင်းများတွင် ဖော်ပြသည်။

Burmese မျိုးရင်းဝင် စပါးကြီးမြွေများ နယ်မြေချဲ့ထွင်မှုကြောင့် အဲဗားဂလိတ် အမျိုးသားဥယျာဉ်အနီးဝန်းကျင်ရှိ ကျွန်းများ၌ သဘာဝဂေဟစနစ် ပျက်စီးနိုင်ဖွယ်ရှိကြောင်း ဂေဟစနစ်ကျွမ်းကျင်သူများက ပြောကြားခဲ့သည်။

ရေချိုဒေသဖြစ်သော အဲဗားဂလိတ် အမျိုးသားဥယျာဉ်ဒေသသည် အမေရိကန်ပြည်ထောင်စု၌ Burmese မျိုးရင်းဝင် စပါးကြီးမြွေများ ပေါက်ဖွားရှင်သန်ရာ တစ်ခုတည်းသောဒေသဖြစ်သည်။

ယေဘုယျအားဖြင့် တွားသွားသတ္တဝါများသည် ဆားငန်ဓာတ်ကို ကြာရှည်ခံစားနိုင်စွမ်းမရှိခြင်းကြောင့် Burmese မျိုးရင်းဝင် စပါးကြီးမြွေများ နယ်ကျော်ပေါက်ပွားမှုအား ဆားငန်ရည်ဖြင့် ဟန့်တားနိုင်မည်ဟု သုတေသနပညာရှင်များက ယုံကြည်ခဲ့ကြသည်။

သို့ရာတွင် ဓာတ်ခွဲခန်းစမ်းသပ်မှုများအရ စပါးကြီးမြွေပေါက်များသည် ဆားငန်ရည်သဘာဝရှိသော ပတ်ဝန်းကျင်၌ တစ်လမှ ငါးလအကြား အသက်ရှင်နိုင်စွမ်းရှိကြောင်း သိပ္ပံပညာရှင်များက လေ့လာတွေ့ရှိခဲ့ကြသည်။

စပါးကြီးမြွေများအတွက် အပျက်စီးလွယ်ဆုံးကာလသည် အကောင်ပေါက်အရွယ်ဖြစ်ရာ အရွယ်ရောက်ပြီဖြစ်သော စပါးကြီးမြွေများအနေဖြင့် ဆားငန်ရည်သဘာဝရှိသည့် ပတ်ဝန်းကျင်၌ ပိုမိုရှင်သန်နိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

အင်တာနက်။



ဖလော်ရီဒါပြည်နယ်ရှိ Burmese မျိုးရင်းဝင် စပါးကြီးမြွေတစ်ကောင်ကို တွေ့ရစဉ်။

ကင်ညာ လေကြောင်းတိုက်ခိုက်မှုကြောင့် ဆိုမာလီကလေးများ သေဆုံး

နိုင်ရိုဘီ ဇန်နဝါရီ ၁၅

ဆိုမာလီနိုင်ငံတောင်ပိုင်းတွင် ကင်ညာစစ်လေယာဉ်များက လေကြောင်းမှတိုက်ခိုက်သဖြင့် အနည်းဆုံး ကလေးခုနစ်ဦးသေဆုံးကြောင်း ပရက်(စ်)တီဗွီသတင်းဌာနက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

မြို့တော်ကစ်မာယို၏ တောင်ဘက် ဂျီလစ်မြို့၌ တနင်္ဂနွေနေ့တွင် အဆိုပါ တိုက်ခိုက်မှု ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပြီး အစိုးရဝန်ထမ်းဟောင်းတစ်ဦး၏ ကလေးခုနစ်ဦး သေဆုံးခဲ့သည်။

ယင်းတိုက်ခိုက်မှု၌ ဒဏ်ရာရရှိသူများလည်းရှိကြောင်း မျက်မြင်များက ပြောသည်။

ကင်ညာစစ်ဘက်က ဆိုမာလီတိုက်ခိုက်ရေးသမား ရာပေါင်းများစွာ သေဆုံးကြောင်း ကြေညာခဲ့သော်လည်း အမှန်စင်စစ် သေဆုံးသူများမှာ အရပ်သားများသာဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောသည်။ ပြီးခဲ့သည့်နှစ် အောက်တိုဘာလအတွင်းက အယ်လ်ရှာဘက် တိုက်ခိုက်ရေးသမားများကို လိုက်လံ တိုက်ခိုက်ရန်အတွက် ကင်ညာနိုင်ငံသည် ၎င်း၏နယ်စပ်၌ တပ်ဖွဲ့ဝင်ကို ဖြန့်ကြက်ထားခဲ့သည်။ အယ်လ်ရှာဘတ်တို့သည် ကင်ညာပိုင်နက်အတွင်း နိုင်ငံခြားသားများ ပြန်ပေးဆွဲခံရမှုများ နောက်ကွယ်၌ ပါဝင်ပတ်သက်ကြောင်း ကင်ညာနိုင်ငံက စွပ်စွဲထားသည်။

အင်တာနက်။

မြန်မာသင်္ဘောသားများလိုက်ပါသည့် ကိုရီးယားရေနံတင်သင်္ဘောပေါက်ကွဲ သုံးဦးသေဆုံး၊ ရှစ်ဦးပျောက်ဆုံး

ဆိုးလ် ဇန်နဝါရီ ၁၅

တောင်ကိုရီးယားနိုင်ငံ အင်ချွန်ဆိပ်ကမ်းမြို့အနီး ကမ်းလွန်ပင်လယ်ပြင်တွင် ဇန်နဝါရီ ၁၅ ရက် နံနက်စောစောပိုင်းက တောင်ကိုရီးယားရေနံတင်သင်္ဘော၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ သင်္ဘောသားသုံးဦးသေဆုံး၍ ရှစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း ဒေသန္တရသတင်းများတွင် ဖော်ပြသည်။

အင်ချွန်ဆိပ်ကမ်းမြို့အနီး ဂျာဝိုးလ်ကျွန်းမြောက်ဘက် သုံးမိုင်ခန့်ဝေးသောနေရာတွင် ဒေသစံတော်ချိန် နံနက် ၈ နာရီ ၅ မိနစ်ခန့်က ယင်းဖြစ်ရပ်ဖြစ်ပွားကြောင်း၊ ဆိပ်ကမ်းမှထွက်ခွာပြီး မကြာမီအချိန်အတွင်း ယင်းသို့ ပေါက်ကွဲမှုဖြစ်ပွားကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့၏ ပြောကြားချက်ကို ကိုးကား၍ ယွန်ဟပ်သတင်းဌာနက ရေးသားဖော်ပြသည်။

တန်ချိန် ၄၁၉၁ ရှိ အဆိုပါသင်္ဘောပေါ်တွင် သင်္ဘောသား ၁၆ ဦး စီးနင်းလိုက်ပါလာကြောင်း၊ ငါးဦးမှာ ကိုရီးယားနိုင်ငံသားများဖြစ်ပြီး ၁၁ ဦးမှာ မြန်မာနိုင်ငံသားများဖြစ်ကြောင်း၊ သင်္ဘောသားငါးဦးကို ကယ်တင်နိုင်ခဲ့ပြီး သုံးဦးသေဆုံးကာ ရှစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ကမ်းခြေစောင့်တပ်ဖွဲ့က သင်္ဘောနစ်မြုပ်သည့်နေရာသို့ ကင်းလှည့် သင်္ဘောတစ်စင်းစေလွှတ်၍ ပျောက်ဆုံးနေသူ သင်္ဘောသားများအား ရှာဖွေလျက်ရှိသည်။ ပေါက်ကွဲရသည့် အကြောင်းကို တိတိကျကျမသိရသေးချေ။ **ဆင်ဟွာ။**

ကြီးအုံကြီးဝရေလှောင်တမံ ဘက်စုံစီမံကိန်း၏ ဒုတိယအဆင့် (37)မီဂါဝပ်စက်အတွက် ၁၂၃ တန်ရှိသော ရိုတာကြီးအား တာဘိုင်အတွင်းရှိ ရိုတာစစ်စတန်သို့ ဝန်ချီအား တန် ၁၅၀ နိုင်သောစက်ကြီးဖြင့် တပ်ဆင်

ရန်ကုန် ဇန်နဝါရီ ၁၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဇန်နဝါရီ ၁၄ ရက် နံနက် ၇ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်ရှိ ကြီးအုံကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်း၏ ရေအားလျှပ်စစ်စက်ရုံ အဆောက်အအုံ၌ တရုတ်ပညာရှင်များနှင့် မြန်မာပညာရှင်များက ဒုတိယအဆင့် (37)မီဂါဝပ်စက်အတွက် ၁၂၃ တန်ရှိသော ရိုတာကြီးအား တာဘိုင်အတွင်းရှိ ရိုတာစစ်စတန်သို့ ဝန်ချီအား တန် ၁၅၀ နိုင်သောစက်ကြီးဖြင့် တပ်ဆင်ခြင်းလုပ်ငန်းကို ကြည့်ရှုအားပေးသည်။(အောက်ယာပုံ)

အဆိုပါ ရေအားလျှပ်စစ်စီမံကိန်းသည် (37)မီဂါဝပ်စက်နှစ်လုံး တပ်ဆင်ခြင်းဖြစ်ရာ ပထမအဆင့်မှာ စတင်လည်ပတ်နေပြီး ဒုတိယအဆင့်ကို ဖေဖော်ဝါရီလတွင် အပြီးတပ်ဆင်၍ မတ်လတွင် လည်ပတ်ကာ နိုင်ငံတော်ဓာတ်အားလိုင်းစနစ် (National Grid)သို့ ပို့လွှတ်နိုင်မည်ဖြစ်ကြောင်း၊ ထို့နောက် နိုင်ငံတော်ဓာတ်အားလိုင်းမှတစ်ဆင့် ရခိုင်ပြည်နယ်သို့ မင်းဘူး၊ အမ်း ဓာတ်အားဖြန့်ဖြူးရေးလိုင်းများ တပ်ဆင်ပြီးစီးချိန်တွင် ရခိုင်ပြည်နယ်တစ်ခွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဓာတ်အားများ အလုံအလောက်ပို့လွှတ်ပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဆည်မြောင်းထိန်းသိမ်းရေးဝန်ထမ်းများ၏ နှစ်ရှည်ပင်နှင့် ရာသီသီးနှံစိုက်ခင်းများ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ခင်းများကို လှည့်လည်ကြည့်ရှုအားပေးပြီး ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးသိပ္ပံကျောင်းမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံ၍ လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် တောင်သူလယ်သမားများကို လက်တွေ့အကျိုးပြုကြမည့် ပညာရှင်များ မွေးထုတ်ပေးနေသော စိုက်ပျိုးရေးသိပ္ပံကျောင်းများသည် အဓိကအရေးပါကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် တိကျခိုင်မာသော ရည်မှန်းချက်ထားရှိပြီး လုပ်လိုကိုင်လိုစိတ်ပြင်းပြစွာဖြင့် မိမိတို့ကျောင်းမှ သင်ကြားပေးလိုက်သော ပညာရပ်များကို လယ်ကွင်းထဲအရောက် ထိထိရောက်ရောက်ဖြင့် အကျိုးပြုကြရမည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအားလုံး သိပ္ပံနည်းကျ စိုက်နည်းစနစ်များကို ကိုယ်တိုင်ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်ကြပြီး တောင်သူများအား လက်ဆင့်ကမ်းနည်းပညာ ပေးရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပွင့်ဖြူစိုက်ပျိုးရေးသိပ္ပံမှ ဆရာ၊ ဆရာမများအား ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ဆန်များနှင့် အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်ပြီး လယ်ဖီလာရွာအနီး MGS ကုမ္ပဏီက ဆောင်ရွက်နေသော အဆင့်မြင့်လယ်ယာမြေ ၆၃ ဧကဖော်ထုတ်နေမှုများကို ကြည့်ရှုစစ်ဆေးကာ ပုလဲသွယ်ဆန်များနှင့် မျိုးစေ့များ ပေးအပ်သည်။

ထိုမှတစ်ဆင့် ကျွဲတံခါးကျေးရွာအုပ်စု မအူပင်ကွင်းရှိ ဆည်မြောင်းထိန်းသိမ်းရေးဝန်ထမ်းမိသားစု၏ အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး တောင်သူပညာပေး ၁၀ ဧက ပျိုးကြဲပွဲအခမ်းအနားသို့ တက်ရောက်ပြီး တောင်သူလယ်သမားများအား ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့များနှင့် ပုလဲသွယ်ဆန်များကို ပေးအပ်သည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ဇီးအုပ်ကျေးရွာ ခေတ္တရာဟသ်ာ စိုက်ပျိုးရေးအထူးပြုကုမ္ပဏီနှင့် အကျိုးဆောင်တောင်သူများ၏ အဆင့်မြင့်လယ်ယာမြေ (၄၂)၌ ကျင်းပသည့် ပုလဲသွယ်အထူးအထွက်တိုး စပ်မျိုးစပါး စံပြစိုက်ခင်း ပျိုးကြဲပွဲအခမ်းအနားသို့ တက်ရောက်အားပေး၍ တောင်သူများအား ပုလဲသွယ်စပ်မျိုးစပါးနှင့် ပုလဲသွယ်ဆန်များကိုပေးအပ်ကာ စိုက်ကွင်းအတွင်း သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးကြဲနေမှု၊ နှစ်ရက်သားပျိုးခင်းမှ မျိုးညှောင့်ထွက်ပေါ်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် သာယာဝတီခရိုင် သုံးဆယ်မြို့ စိုက်ပျိုးရေးသိပ္ပံသို့ ရောက်ရှိပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံ၍ ပခုံးပြောင်းတာဝန်ယူကြမည့် စိုက်ပျိုးရေးပညာရှင်များအဖြစ် နိုးကြားတက်ကြွမှု၊ တီထွင်ကြံဆနိုင်သော စွမ်းပကားဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သိပ္ပံနည်းကျ စိုက်နည်းစနစ်များကို အသားကျဖြစ်အောင် လေ့ကျင့်၍ တောင်သူလယ်သမားများထံ လက်တွေ့လက်ဆင့်ကမ်း နည်းပညာပြန့်ပွားရေး ဆောင်ရွက်ကြရန် မှာကြားပြီး ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့များနှင့် ပုလဲသွယ်ဆန်များကို ပေးအပ်သည်။

ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဥက္ကံမြို့နယ် ဥက္ကံကုန်းရွာရှိ ပုလဲသွယ် အထူးအထွက်တိုးစပါး စံပြ ၁၀ ဧက စိုက်ခင်းကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင် ပဉ္စမအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲပြိုင်ပွဲ အကြိုလှုံ့ဆော်ပိုစတာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပြပွဲပြိုင်ပွဲ လှုံ့ဆော်ရေးပိုစတာစိုက်ထူပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ပဉ္စမအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အကြိုလှုံ့ဆော်ပိုစတာ စိုက်ထူပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့တော်ခန်းမရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်၊ ဒုတိယဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီး ဦးအောင်ခင်က အကြိုလှုံ့ဆော်ပိုစတာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အလားတူ အကြိုလှုံ့ဆော်ပိုစတာစိုက်ထူပွဲကို ယနေ့နံနက်ပိုင်းတွင် ရှစ်မိုင်လမ်းဆုံ၊ လှည်းတန်းလမ်းဆုံ၊ ကုက္ကိုင်းလမ်းဆုံ၊ သိမ်ဖြူလမ်းငါးခွလမ်းဆုံ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်လမ်းဆုံ၊ မြောက်ဥက္ကလာပ(၂)ဈေး၊ အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း၊ သမိုင်းလမ်းဆုံနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရွှေတိဂုံဘုရားလမ်းဆုံတို့၌လည်း ကျင်းပခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၆-၁-၂၀၁၂ (တနင်္လာနေ့)

[၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်(ဥပုသ်နေ့)]

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၀ ၂။ သတ္တဌာန(ရတနာဉီး၊ တေးရေး-ဒဂုန်ဆရာတင်)
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၀ ၇။ တေးဂီတအစီအစဉ်
၈း၁၀ ၈။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၁၅ ၉။ "ကင်ဆာရောဂါဆိုင်ရာ လေ့လာတွေ့ရှိချက်များ"
၈း၃၅ ၁၀။ International News
၈း၄၀ ၁၁။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘဝနာပွားများခြင်း တရားတော်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အကပြိုင်ပွဲ
၄း၁၅ ၃။ တေးဂီတအစီအစဉ်
၄း၃၀ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၄၀ ၅။ "ဝက်သက်ရောဂါ ကာကွယ်ပါ"
၄း၅၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -စတုတ္ထနှစ်(ဥပဒေပညာ အထူးပြု)(ဥပဒေပညာ)
၅း၀၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၀ ၈။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၅း၁၅ ၉။ မြန်မာစာ၊ မြန်မာစကား
၅း၃၅ ၁၀။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ကြမ္မာ" (ဒုတိယတွဲ)(အပိုင်း-၃၄)
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ ကမ္ဘာကျော်သရုပ်ဆောင်များ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ "မွေးစားသား"(အပိုင်း-၁၇)
၂၀။ အိန္ဒိယရုပ်ရှင် "မော်ကွန်းတင်တဲ့ ပိန်းဒါးစိတ်သည်"(အပိုင်း-၃)
၂၁။ အစီအစဉ်ပြီး၏။

သန်လျင်၌ လင်းလက်ကြယ် ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

သန်လျင်မြို့နယ် သနပွင်ကျေးရွာ လင်းလက်ကြယ် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက် ဖွင့်ပွဲကို ဇန်နဝါရီ ၁၀ ရက် နံနက် ၈ နာရီတွင် အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ ရှေးဦးစွာ စာကြည့်တိုက်အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်လှပိုပို၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစန်းကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါစာကြည့်တိုက်အတွက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ စာအုပ် ၂၀၀၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုတရသ စာအုပ် ၂၀၀၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးသီတာထွန်းက အလှူငွေကျပ်တစ်သိန်း **(အောက်ပုံ)**၊ ဦးအေးကျော်-ဒေါ်အေးမော် မိသားစု၊ ဦးမြင့်-ဒေါ်ကြည်၊ ဦးဇော်ဦးနှင့် ဦးဘဂျမ်း မိသားစုတို့က သုတရသစာအုပ်များ ပေးအပ်လှူဒါန်းကြရာ ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

(မြို့နယ်ပြန်/ဆက်)

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ကမာကဆစ်အနောက်ကျောင်းတိုက်ရှိ ပညာဒါနသင်တန်းသို့ ငွေလှူဒါန်းပွဲကို ဇန်နဝါရီ ၁၀ ရက်က ကျင်းပရာ အလုံမြို့နယ်နေ ဦးမောင်မောင်မိသားစုက လှူဒါန်းသော အလှူငွေကျပ် သုံးသိန်းကို ဆရာတော်ကိုယ်စား ဆရာဦးဆန်းထူး လက်ခံစဉ်။

(၅၆၉)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်၊ စာစောင်များလှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

○ ရွှေဖုံးမှ

သက်နှင်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ဒေသတွင်း သာသနာတော် ထွန်းကားပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ကျောင်းတိုက်အတွင်း တည်ဆောက်ဆဲ နှစ်ထပ်ကျောင်းဆောင် အပြီးသတ် တည်ဆောက်မှုလုပ်ငန်းများအတွက် လှူဒါန်းမည့် အစီအစဉ်ကို ဆရာတော်ကြီးများအား လျှောက်ထား၍ ဒေသခံတောင်တန်းသာသနာပြုအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် မြို့မကျောင်းဆရာတော် ဘဒ္ဒန္တ နန္ဒပါလထံမှ ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် ကျောင်းတိုက်အတွင်း နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို ကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့သည်။

(သတင်းစဉ်)

ဒုတိယသမ္မတ သီဟာသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ အမှူးပြုသော ဧည့်ပရိသတ်များက ခန္တီးမြို့ ထေရဝါဒဗုဒ္ဓဘာသာသာသနာပြု(ဗဟို)ကျောင်း၌ ကျင်းပသော ခန္တီးမြို့နယ်မှ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးနှင့် ဥရောပရေးရာဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၁၅

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးနှင့် ဥရောပရေးရာဝန်ကြီး H.E. Mr. Alain Juppe နှင့် အဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Thierry MATHOU လိုက်ပါလျက် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပြည်လမ်းရှိ ပြင်သစ်နိုင်ငံ ယဉ်ကျေးမှုဌာနသို့သွားရောက်၍ ပြင်သစ်စာသင်တန်းကျောင်း ဧည့်ကြိုခန်းမရှိ ပန်းချီ၊ ဓာတ်ပုံများ၊ စာကြည့်တိုက်အတွင်းရှိ စာအုပ်စာပေများ၊ e- Library နှင့် မြန်မာကျောင်းသား၊ ကျောင်းသူများ ပြင်သစ်စာ သင်ကြားနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် ယဉ်ကျေးမှုဌာန စာကြည့်တိုက် စာဖတ်ခန်း၌ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ (NDF)၊ ဒီမိုကရက်တစ်ပါတီ(မြန်မာ) (DPM)၊ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ (RNDP)၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ(AMRDP)၊ ချင်းတိုးတက်ရေးပါတီ(CPP)၊ ချင်းအမျိုးသားပါတီ(CNP)နှင့် ကရင်ပြည်သူ့ပါတီ (KPP)တို့မှ တာဝန်ရှိသူတို့နှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးနှင့် ဥရောပရေးရာဝန်ကြီး H.E. Mr. Alain Juppe နှင့်အဖွဲ့ ပြည်လမ်းရှိ ပြင်သစ်နိုင်ငံယဉ်ကျေးမှုဌာန၌ မြန်မာကျောင်းသား၊ ကျောင်းသူများ ပြင်သစ်စာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

အဆင့်မြင့် နိုင်လွန်ကတ္တရာစက်ဖြင့် ပထမဆုံးအသုံးပြုလမ်းသစ် မန္တလေးတွင်ဖွင့်

မန္တလေး ဇန်နဝါရီ ၁၅

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ဟေမာဇလရပ်ကွက်(၂၈)လမ်း(၇၆)လမ်းမှ (၇၈)လမ်းထိ ကိုယ့်အားကိုယ်ကိုး အဆင့်မြင့်နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် နံနက် ၈ နာရီတွင် ကျင်းပသည်။

ထို့နောက် လမ်းသစ်ကို အလှူရှင်နှင့် လမ်းဖြစ်မြောက်ရေး ကော်မတီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ **(အပေါ်ပုံ)**

အဆိုပါ ကိုယ့်အားကိုယ်ကိုးအဆင့်မြင့်နိုင်လွန်ကတ္တရာလမ်းသစ်သည် လမ်းအရှည်ပေ ၁၂၅၀ ရှိပြီး လမ်းအကျယ်ပေ ၅၀ ရှိသည်။ လမ်းဖြစ်မြောက်ရေးအတွက် အလှူရှင် ဦးသန်းအောင်-ဒေါ်တင်နွယ်(ပန်းချယ်ရီကျောက်မျက်ရောင်းဝယ်ရေး)မိသားစုက ကျပ်သိန်း ၅၀၀ နှင့် ရပ်ကွက်နေပြည်သူများက ငွေကျပ် ၁၇၆ ဒသမ ၆ သိန်း စုစုပေါင်း ၆၇၆ ဒသမ ၆ သိန်း ထည့်ဝင်လှူဒါန်းကြပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ၄၇၈ ဒသမ ၅၇ သိန်း ထည့်ဝင်လှူဒါန်းရာ စုစုပေါင်း ၁၁၅၅ ဒသမ ၁၇ သိန်း ကုန်ကျသည်။

အဆင့်မြင့် နိုင်လွန်ကတ္တရာလမ်းသစ်ကြီးသည် မန္တလေးမြို့ရှိ ရပ်ကွက်များထဲတွင် ပထမဆုံး နိုင်လွန်ကတ္တရာခင်းခွင့်ရသော လမ်းဖြစ်ပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝယ်ယူထားသော အဆင့်မြင့်နိုင်လွန်ကတ္တရာစက်ကြီးဖြင့် ပထမဆုံးအသုံးပြုပြီးခင်းထားခြင်းဖြစ်သည်။ လမ်းသစ်ခင်းခြင်းနှင့်အတူ လမ်းဘေး ဝဲ၊ ယာ ရေမြောင်းများ ဆယ်ယူပြီး လမ်းကူးတံတားနှစ်ခုကိုလည်း ပြုပြင်ကြောင်း သိရသည်။

(ဝဝ၂)

တာမွေမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ စာဆိုတော်နေ့ အခမ်းအနားနှင့် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသော ၁၃၇၃ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့အခမ်းအနားနှင့် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက တာမွေမြို့နယ်ရှိ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ဦးမောင်ကလေး (သောကြာမောင်ကလေး)၊ အခမ်းအနားမှူးအဖြစ် ဦးမောင်မောင်အေး(ကျော်သူ-ကျောက်မြောင်း)က ဆောင်ရွက်ပြီး သဘာပတိ ဦးမောင်ကလေး (သောကြာ မောင်ကလေး)၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးကျော်ဝင်း (မနုဿကျော်ဝင်း)နှင့် တာမွေမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်(စိုးအောင်)တို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌမှ ပေးပို့သော ၁၃၇၃ ခုနှစ် စာဆိုတော်နေ့ သဝဏ်လွှာကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးနေလင်း(လူနေလင်း)က ဖတ်ကြားပြီး မြို့နယ် နှစ်ပတ်လည် လုပ်ငန်း အစီရင်ခံစာကို အတွင်းရေးမှူး ဦးမျိုးတင့်(မောင်နေသွင်)တို့က အစီရင်ခံတင်ပြဖတ်ကြားသည်။

အစီအစဉ်အရ တာမွေမြို့နယ် သက်ကြီးကန်တော့ခံ စာပေပညာရှင် ခုနစ်ဦးကို တက်ရောက်လာကြသော စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များက ကန်တော့ကြကြောင်း သိရသည်။

(ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၁-၂၀၁၂ (တနင်္လာနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
၅း၂၀	MRTV-4 သတင်း
၅း၄၀	“(၃၂)ဖြာလက္ခဏာ” တရားတော် (ဆရာတော်ဓမ္မဒူတ အရှင်ပညာဝရ)
၆း၄၀	MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ”(အပိုင်း-၈၈)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွန်ရာ” (အပိုင်း-၄၁)**
၈း၄၅	ရန်ကုန်မြင်ကွင်းကျယ်
၈း၅၅	ပေါင်းစုကာဆင်နွဲ အထက(၂) ဖျာပုံ၏ မြတ်ဆရာပူဇော်ပွဲ
၉း၁၅	The Excellent Yangon Expo 2012
၉း၂၀	စိန့်ဂျိုးဇက်(ဖ်)ကွန်ဗင့်နှင့် အထက(၈)ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲ
၉း၃၀	MRTV-4 ကျန်းမာရေးကဏ္ဍ (ကလေးများရဲ့အကြားအာရုံ)
၁၀း၁၀	ဖန်တီးသူ၏ပညာစွမ်းမှသည်. . . လှပသောဘဝများဆီသို့
၁၀း၂၀	Celebrity Choice
၁၀း၅၅	မြတ်ဆရာပူဇော်ပွဲ (ကနောင် အထက)
၁၁း၁၀	ရန်ကုန်မြင်ကွင်းကျယ်
၁၁း၂၀	စာအုပ်ပြခန်း (စာရင်းသမားမျက်စိ)
၁၁း၃၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မိုးကျရွှေကိုယ်”(အပိုင်း-၂၆)**
၁၂း၁၀	ဘဝထဲကကဗျာ၊ ကဗျာထဲက ဘဝ (ပျားနှင့်ယင်)
၁၂း၂၀	အထက(၃)မရမ်းကုန်း အာစရိယပူဇော်ပွဲ
၁၂း၃၀	ကျောက်ဆည်မြို့ ရတနာသုံးပါး ပူဇော်ပွဲ
၁း၀၀	“(၃၂)ဖြာလက္ခဏာ” တရားတော် (ဆရာတော်ဓမ္မဒူတ အရှင်ပညာဝရ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၄) ရပ်ကွက်၊ သန္တာလမ်းမိသားစုရဲ့ (၆၄)ကြိမ်မြောက် လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲနှင့် (၁၁)ကြိမ်မြောက် နိဗ္ဗာန်ဈေးပွဲတော်
၂း၄၀	ဆိုင်ကယ်ချစ်သူများအတွက် Tokyo Yankee
၂း၅၀	ယဉ်တဲ့သူတိုင်း ထိုက်ထိုက်တန်တန် လှစေဖို့
၃း၀၅	မြိတ်မြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ
၃း၁၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ” (အပိုင်း-၈၈)**
၄း၀၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွန်ရာ” (အပိုင်း-၄၁)**
၅း၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၅း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မိုးကျရွှေကိုယ်” (အပိုင်း-၂၆)**
၆း၀၀	MRTV-4 သတင်း
၆း၁၅	MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ” (အပိုင်း-၈၉)**
၇း၁၀	Life & Dance 10th Anniversary Dance Concert (Part-1)
၈း၀၀	MRTV-4 သတင်း
၈း၃၀	ဗီဒီယိုပြခန်း
၈း၅၀	Sunday Talk (ရဲမှူးထွန်းထွန်းဝေ၊ မျိုးမြတ်သူ)
၉း၂၀	The Shop Around The Corner (Part-1)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွန်ရာ” (အပိုင်း-၄၂)**
၁၀း၁၅	အနုပညာမိုးကောင်းကင်
၁၀း၃၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မိုးကျရွှေကိုယ်” (အပိုင်း-၂၇)**
၁၁း၁၀	International Show Biz
၁၁း၂၅	စားဖွယ်အဖုံဖုံမုန့်မျိုးစုံ
၁၁း၃၅	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်
၁၂း၀၀	သီးနှံစိုက်ပျိုးအထွက်တိုး “စားသုံးဆီဖူလုံဖို့နေကြာ အထွက်တိုးအောင်စိုက်ကြစို့”
၁၂း၁၀	Shooting Location
၁၂း၃၀	**နွေးထွေးသော မေတ္တာအိမ်ကလေး**
၁၂း၅၀	သုခရိပ်မြုံဂေဟာမှ ပွင့်လန်းနေသော ပန်းကလေးများ
၁း၁၅	နှလုံးကျန်းမာ သက်ရှည်ရန် သိဖွယ်နည်းလမ်းများ (ဒုတိယပိုင်း) (ပါမောက္ခဒေါက်တာမြသိန်းဟန်)
၁း၄၀	မိုးကုတ်မြို့မှ ရိုးရာအစားအစာများနှင့် ဘားနတ်ဈေးသို့ အလည်တစ်ခေါက်
၂း၂၅	Barclays Premier League (Wigan Vs Man City)
၄း၂၅	ရတနာရွှေသိုက်
၄း၃၅	ကလောဈေးနေ့
၄း၄၀	ထူးထူးခြားခြား သစ်ခေါက်ပန်းချီကား
၅း၀၀	အစီအစဉ်ပြီး၏။

Barclays Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	**ပွဲစဉ်**	**ပြသမည့်လိုင်း**
၂း၂၅	Wigan - Man City	ESPN (MRTV-4)

*** ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

☆ ကျောဖုံးမှ

အကျိုးဖြစ်စေမည့် လုပ်ငန်းများတွင် ထိထိရောက်ရောက်ပံ့ပိုးပေးသွားနိုင်ရေး အတွက် လိုအပ်သည်များကို မှာကြားလို၍ တွေ့ဆုံခြင်းဖြစ်ပါကြောင်း။

မိမိတို့၏ လာရောက်သည့်ခရီးစဉ် အတွင်း တွေ့ရှိမှုများအရသော်လည်းကောင်း၊ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ၏ တင်ပြချက်များအရသော်လည်းကောင်း ဒေသတွင်း ဆောင်ရွက်လျက်ရှိသည့် ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပံ့ပိုးကူညီမှုများ လိုအပ်လျက်ရှိသည်ကို တွေ့ရှိခဲ့ရပါကြောင်း။

ယခုကဲ့သို့ ပံ့ပိုးကူညီထောက်ပံ့ရာတွင် လုပ်ငန်းရပ်နှစ်မျိုးခွဲခြား၍ လှူဒါန်းပံ့ပိုးပေးသွားရန်ရှိပါကြောင်း၊ ပထမအမျိုးအစားမှာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများအတွက် လှူဒါန်းခြင်း၊ ဆေးရုံများ ဆေးပဒေသာပင်စိုက်ထူခြင်း၊ နယ်ဝေးမှ လာရောက်တာဝန်ထမ်းဆောင်နေကြသည့် ဆရာ ဆရာမများ နေထိုင်မှုကိစ္စ အဆင်ပြေစေရန် ဆောင်ရွက်ပေးခြင်း၊ ဒေသခံလူငယ်များကို ပြုစုပျိုးထောင်ပေးနေသည့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်သင်တန်းကျောင်းများအတွက် ပံ့ပိုးကူညီပေးခြင်းစသည့် ဘာသာရေး၊ လူမှုရေးလုပ်ငန်းများအတွက် ထောက်ပံ့ပေးအပ်ခြင်းများ ဖြစ်ပါကြောင်း။

ဒုတိယအမျိုးအစားမှာ ရေရှည်ဆောင်ရွက်သွားရန် လိုအပ်သည့် ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းရပ်များ ဆောင်ရွက်နိုင်ရန်အတွက် အရင်းမပျောက်မတည်ရန်ပုံငွေ ထူထောင်ပေးခြင်းဖြစ်ပါကြောင်း။

ဤဒေသနေ ဆင်းရဲချို့တဲ့သူများ၏ ကလေးသူငယ်များ ကျောင်းနေနိုင်ရေး၊ ကျောင်းနေမြဲရေး၊ စဉ်ဆက်မပြတ် ပညာသင်ကြားနိုင်ရေးနှင့် ပညာထူးချွန်သော်လည်း အဆင့်မြင့်ပညာ ဆက်လက်သင်ယူရန် အခက်အခဲရှိသူများအတွက် ထောက်ပံ့ခြင်း စသည့် ပညာရေးဆိုင်ရာ ရေရှည်ဆောင်ရွက်မှု လုပ်ငန်းများ၊ အလားတူ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန် ပံ့ပိုးကူညီပေးနိုင်ရန် ဖြစ်ပါကြောင်း။

ထို့ပြင် ယနေ့ နိုင်ငံတော်က ဦးဆောင်ဦးရွက်ပြု၍ အကောင်အထည်ဖော်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ်များကို အထောက်အကူဖြစ်စေမည့် ကျေးလက် စီးပွားလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းအတွက် ထောက်ပံ့ပေးရန်ဖြစ်ပါကြောင်း။

အဆိုပါလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် လုပ်ငန်းရှင်များက ငွေကျပ်သိန်း ၁၂၀၀ ကို မတည်ထူထောင်ပေးသွားမည်ဖြစ်ပါကြောင်း။

အဆိုပါ ရန်ပုံငွေကို ရပ်မိရပ်ဖများထဲမှ ကော်မတီတစ်ရပ်ဖွဲ့စည်း၍ အနီးကပ်တာဝန်ယူ အကောင်အထည်ဖော်သွားရန်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် ရန်ပုံငွေထိန်းသိမ်းမှုလုပ်ငန်းများ စနစ်ကျနမှုရှိစေရေးအတွက် ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်တတ်စေရန် ကူညီဆောင်ရွက်ပေးသွားရန် ဖြစ်ကြောင်း။

အဆိုပါရန်ပုံငွေမှ လုပ်ငန်းများအတွက် ချေးငွေများ ထုတ်ချေးရာတွင် ၂ ရာခိုင်နှုန်းထက်မများသော အတိုးနှုန်းဖြင့် ချေးငှားပေးရန်ဖြစ်ကြောင်း၊ ရရှိသည့်အတိုးအညွန့်၏ ၅၀ ရာခိုင်နှုန်းကို ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့နည်းပပျောက်ရေး လုပ်ငန်းများတွင် ပံ့ပိုးပေးသွားရန်ဖြစ်ကြောင်း၊ ကျန် ၅၀ ရာခိုင်နှုန်းကို ရန်ပုံငွေတိုးပွားရေးအတွက် အရင်းအဖြစ် ထပ်မံထည့်သွင်းသွားရန် ဖြစ်ကြောင်း၊ အခြားသော စိတ်ပါဝင်စားသူများလည်း ယခုထူထောင်သည့် ရန်ပုံငွေတွင် ပါဝင်ဆောင်ရွက်နိုင်ပါကြောင်း။

သို့ဖြစ်၍ ယခုထူထောင်ပေးမည့် ရန်ပုံငွေ ရေရှည်ဆက်လက်တည်တံ့၍ ဒေသအတွက် ထိထိရောက်ရောက် အကျိုးပြုနိုင်စေရေးအတွက် သက်ဆိုင်သူများအားလုံးက စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်းဖြင့် အသေးစိတ်မှာကြားသည်။

ထို့နောက် အရင်းမပျောက် မတည်ရန်ပုံငွေကျပ်သိန်း ၁၂၀၀ ကို ထူထောင်ပေးကြသည့် အလှူရှင်များ၏ ရန်ပုံငွေများကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက လှူဒါန်းသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မတည်ရန်ပုံငွေကို စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့်က လည်းကောင်း၊ လုပ်ငန်းရှင်များက လှူဒါန်းသည့် ရန်ပုံငွေကို မက်စ်မြန်မာကုမ္ပဏီ ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အိုင်ဂျီအီးကုမ္ပဏီဥက္ကဋ္ဌ ဦးနေအောင်တို့က လည်းကောင်း ပေးအပ်လှူဒါန်းကြရာ မြို့မိမြို့ဖများဖြစ်ကြသော ဦးခင်မောင်ညွန့်၊ ဦးလှဖေနှင့် ဦးတင်လှတို့က လက်ခံကြသည်။

ယင်းနောက် ရွှေသံလွင်ကုမ္ပဏီ ဥက္ကဋ္ဌ ဦးကျော်ဝင်းက လုပ်ငန်းရှင်များကိုယ်စား ခန္တီးမြို့ အခြေခံပညာ အထက်တန်းကျောင်း ဝန်ထမ်းအဆောင် ပြုပြင်ရန်အတွက် ထောက်ပံ့ငွေ၊ ခန္တီးမြို့ ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံနှင့် ကောင်းဟိန်တိုက်နယ်ဆေးရုံတို့အတွက် ဆေးပဒေသာပင်ပံ့ပိုးငွေ၊ ခန္တီးမြို့ ပေါ်မိုင်းဓမ္မာရုံအတွက် အလှူငွေ၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်ကျောင်း(ခန္တီး)နှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း (ခန္တီး) တို့အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အရင်းမပျောက် မတည်ရန်ပုံငွေများကို စည်းမျဉ်း စည်းကမ်းများနှင့်အညီ စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ခန္တီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းက မြို့မိမြို့ဖများကိုယ်စား နိုင်ငံတော်အကြီးအကဲ၏ ရည်မှန်းချက်ရှိရှိဖြင့် မတည်ရန်ပုံငွေများရရှိအောင် ဆောင်ရွက်ပေးခြင်းအတွက် ကျေးဇူးတင်ရှိကြောင်းနှင့် ဒေသတွင်း ရည်မှန်းချက်အတိုင်း အောင်မြင်အောင် ဝိုင်းဝန်းအလေးထား အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် ရန်ပုံငွေပေးအပ်ပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

လုပ်ငန်းရှင်များက လှူဒါန်းသည့် ဒေသဖွံ့ ဖြိုး ရေး လုပ် ငန်း များ ဆောင် ရွက် ရန်အတွက် မတည်ရန်ပုံငွေများကို မက်စ် မြန်မာကုမ္ပဏီ ဥက္ကဋ္ဌ ဦးဇော်ဇော်က ပေး အပ် လှူဒါန်းစဉ်။

(သတင်းစဉ်)

အမေရိကန် ဆီနိတ်တာ Mr. Addison Mitchell Mc Connell ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၅

အမေရိကန်ပြည်ထောင်စု အမေရိကန်ဆီနိတ်တာ Mr. Addison Mitchell Mc Connell ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာကြရာ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Michael E. Thurston နှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များ သဘောကျနှစ်ခြိုက်လာသည့် မြန်မာနိုင်ငံ

သတင်းနှင့်ဓာတ်ပုံ ကိုကြီးသာ

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများ တိုးတက်မြန်ဆန်လာမှုများကြောင့် ပြည်တွင်းသို့ ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များ လာရောက်လည်ပတ်မှုများသည် ယခင်နှစ်များကထက် တိုးတက်များပြားလာကြောင်းသိမြင် တွေ့နေရသည်။

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် လေဆိပ်ဝင်ပေါက်များ၊ ရေဆိပ်ဝင်ပေါက်များနှင့် နယ်စပ်ဝင်ပေါက်များမှ တိုးတက်များပြားစွာဝင်ရောက်လျက်ရှိနေသည်။ ထိုသို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ အဆင်ပြေစွာ ပိုမိုလာရောက်လည်ပတ်နိုင်စေရေးအတွက် နိုင်ငံတော်အစိုးရက ကမ္ဘာလှည့်ခရီးသည်များအား ဗီဇာစနစ်များ ဖြေလျှော့ပေးခဲ့ပြီး ယခုအခါတွင်လည်း ထပ်မံ၍ e-Visa စနစ်ဖြင့် ကမ္ဘာလှည့်ခရီးသွားများ ပြည်တွင်းသို့ လွယ်ကူမြန်ဆန်စွာ ပိုမိုဝင်ရောက်လာစေရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ရွှေတိဂုံစေတီတော်သို့ ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များ နေ့စဉ်လာရောက်လည်ပတ်မှုများပြားနေသည်ကို တွေ့ကြုံခဲ့ရသူတစ်ဦးကလည်း "အခုလပိုင်း၊ ရက်ပိုင်းတွေမှာ ဘုရားကိုရောက်တိုင်း ကမ္ဘာလှည့်ခရီးသည်တွေ အရမ်းများတာကို တွေ့နေရတယ်။ ဘုရားကိုလာတဲ့ ကမ္ဘာလှည့်ခရီးသည်တွေ နှစ်စဉ် လစဉ် တိုးတက်များပြားလာတဲ့အကြောင်း သတင်းထုတ်ပြန်ချက်တွေကို သတင်းစာတွေနဲ့ ဂျာနယ်တွေထဲမှာ ဖတ်ရတော့ ဝမ်းလည်းသာတယ်။ ကြည်လည်းကြည်နူးရတယ်။ အခုလို ကမ္ဘာလှည့်ခရီးသွားဧည့်သည်တွေ ပိုမိုများပြားလာရတဲ့ အကြောင်းကတော့ တိုင်းပြည်နိုင်ငံရေး တိုးတက်ပြောင်းလဲလာမှုတွေကြောင့်လို့ ထင်တယ်။ ကမ္ဘာလှည့်ခရီးသည်တွေက ကျွန်တော်တို့ မြန်မာလူမျိုးတွေရဲ့ အပြုံးမျက်နှာနဲ့ စိတ်သဘောထားတွေကို သိပ်သဘောကျကြတယ်။ ဘုရားပေါ်မှာ အမေကချီထားတဲ့ ကလေးငယ်တစ်ဦးကို နိုင်ငံခြားသားခရီးသွားဧည့်သည်အဖွဲ့တွေက အရမ်းချစ်ခင်သဘောကျပြီး ရှုထောင့်ပေါင်းစုံကနေသဲကြီးမဲကြီးနဲ့ ဓာတ်ပုံရိုက်နေကြတဲ့မြင်ကွင်းကို မြင်ရတာ ဝမ်းသာကြည်နူးစရာမြင်ကွင်းပါပဲ။ အဲဒီမြင်ကွင်းက နာမည်ကြီး မင်းသမီးတစ်ယောက်ကို ပါပါရာဇီတွေက အလုအယက်အငမ်းမရ ရိုက်နေတဲ့ ပုံလိုပါပဲ။ ဒီကလေးလေးကို ဓာတ်ပုံရိုက်သွားတဲ့ နိုင်ငံခြားသားတွေက ၁၀ ယောက်လောက်ရှိတယ်"လို့ ဘုရားပေါ်၌ သူတွေ့ကြုံခဲ့ရသည်ကို ပြောပြသည်။

ပြည်တွင်းလုပ်ငန်းရှင်များနှင့် ပြည်ပလုပ်ငန်းရှင်များအား ဟိုတယ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်ရန်အတွက် ရန်ကုန်မြို့ရှိ အဆောက်အအုံများနှင့် မြေကွက်များကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် စစ်ထောက်ချုပ်ရုံးတို့ကလည်း အဆိုပြုတင်ဒါများခေါ်ယူထားသလို ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌လည်း ဟိုတယ်ဇုန်အသစ်များ တည်ထောင်နိုင်ရန်နှင့် ဟိုတယ်ဆောက်လုပ်ရန်မြေကွက်ရယူထားသူများအား ဟိုတယ်များ အမြန်ဆောက်လုပ်ရန် နှိုးဆော်ထားခြင်းများ အကောင်အထည်ပေါ်လာမည်ဆိုပါက ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များအတွက် ပို၍ပို၍ အဆင်ပြေလာမည်၊ ပို၍ပို၍ နှစ်ခြိုက်သဘောကျလာမည်မှာ အမှန်ပင်ဖြစ်ပါကြောင်း . . .။ ။

ရွှေတိဂုံစေတီတော်ပေါ်၌ မြန်မာကလေးငယ်တစ်ဦး၏ ချစ်စဖွယ်အလှအား ကမ္ဘာလှည့်ခရီးသည်များက ဤသို့ အလုအယက်မှတ်တမ်းတင်ဓာတ်ပုံရိုက်ယူသွားကြသည်။

သထုံမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၅

သထုံမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မဟာဝိဇယ စေတီတော်ပရိဝုဏ်အတွင်းရှိ သထုံမြို့နယ်အသင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပြီး အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင်များနှင့် ၂၀၁၀-၂၀၁၁ တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်သားသမီးများသည် အမှတ်စာရင်းနှင့် တကွ ဇန်နဝါရီ ၂၄ ရက် နောက်ဆုံးထား၍ ဦးခင်မောင်ပြုံး ဖုန်း-၂၁၁၆၅၈၊ ဦးစန်းလွင် ဖုန်း-၅၇၈၇၁၇၊ ဦးတင်အောင်ညွန့် ဖုန်း-၆၄၁၆၄၆၊ ဦးခင်မောင်အေး ဖုန်း-၀၉-၇၃၁၅၀၈၄၃၊ ဦးမြင့်သိန်း ဖုန်း-၀၉-၇၃၀၀၆၀၅၅၊ ဒေါ်မြသန်း ဖုန်း-၅၃၅၅၇၇၊ ဒေါ်ချိုချို ဖုန်း-၅၁၀၀၇၅ တို့သို့ ကြိုတင်ဆက်သွယ်ပေးပို့နိုင်ကြောင်း ကိုယ်တိုင်ကန်တော့ခံကြပါရန်နှင့် ကိုယ်တိုင်တက်ရောက်ဆုယူကြပါရန် အသိပေးထားကြောင်း သိရသည်။ (ကြေးမုံ)

ဥတုရာသီ ဟောကိန်း

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

ဘောလိဝုဒ်ရုပ်ရှင်လောက၏ ထိပ်တန်းမင်းသား သုံးဦး

အေ ဝမ်း စိုး

အမီရာခန်၊ ရှာရွတ်ခန်နှင့် ဆလ်မန်ခန်(အောက်ပုံ)**တို့ သုံးဦးသည် အိန္ဒိယ ဘောလိဝုဒ်ရုပ်ရှင်လောက၏ အအောင်မြင်ဆုံး၊ အကျော်ကြားဆုံး မင်းသားများဖြစ်ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင်ဖော်ပြသည်။**

၂၀၀၈ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလအထိ ထွက်ရှိခဲ့သော ဇာတ်ကားများကို အခြေခံ၍ လေ့လာကောက်ယူခဲ့သော စစ်တမ်းအရ အဆိုပါ မင်းသားသုံးဦးသည် ဘောလိဝုဒ်ရုပ်ရှင်လောက၏ အအောင်မြင်ဆုံး မင်းသားများအဖြစ် သတ်မှတ်ခံခဲ့ရကြောင်း သတင်းတွင်ဖော်ပြသည်။

အမီရာခန်သည် အဆိုပါကာလအတွင်း ၎င်း၏ Taare Zameen၊ Ghajini နှင့် 3 Idiots ဇာတ်ကားများဖြင့် ဝင်ငွေအကောင်းဆုံးမင်းသားအဖြစ် သတ်မှတ်ခံခဲ့ရသည်။

My Name Is Khan၊ Ra. One နှင့် Don 2 ဇာတ်ကားများဖြင့် နာမည်ကျော်လူကြိုက်များခဲ့သော ရှာရွတ်ခန်မှာ အိန္ဒိယဘောလိဝုဒ်ရုပ်ရှင်လောက၏ ပြင်ပ ပြည်ပတွင် အောင်မြင်မှုရရှိသော မင်းသားအဖြစ် ဖော်ပြထားသည်။

Dabangg ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သူ ဆလ်မန်ခန်မှာ ပြည်ပရုပ်ရှင်လောကထက် အိန္ဒိယပြည်တွင်း၌ ပို၍ လူကြိုက်များသော မင်းသားအဖြစ် ဖော်ပြထားသည်။

အဆိုပါ စစ်တမ်းအရ ဘောလိဝုဒ်ရုပ်ရှင်လောကတွင် အောင်မြင်မှုရနေသော အခြားမင်းသားများမှာ ရန်ဘာကပူး၊ Hrithik Roshan၊ အာဂျေးဒီဗန်၊ ဆာအစ်အလီခန်၊ အာရှေးကူးမား၊ အီမာရန်ခန်၊ Emraan Hashmi၊ ရှာဟစ် ကပူး၊ ဂွန်အဘာရာဟမ်နှင့် Abhishek Bachchan တို့ဖြစ်ကြသည်။ ***အင်တာနက်။***

သတိပေး နှိုးဆော်ချက်

ရန်ကုန်မြို့တော်အတွင်း အချို့သောခြေကျင်သွားလာသည့် လမ်းအသုံးပြုသူများ၏ စည်းကမ်းမဲ့လမ်းဖြတ်ကူးခြင်းကြောင့် ယာဉ်မတော်တဆမှုဖြစ်ပွားပြီး သေဆုံး၊ ဒဏ်ရာရလျက်ရှိကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ခြေကျင်သွားလာသူ(လမ်းအသုံးပြုသူ)များသည် လူသွားစင်္ကြံ၊ လူကူးမျဉ်းကျားများ၊ လူကူးခုံးကျော်တံတားများမှ သွားလာ၊ ဖြတ်ကူးကြပါရန်နှင့် လိုက်နာခြင်းမရှိပါက အရေးယူဆောင်ရွက်လျက်ရှိရာ ၁၂-၁-၂၀၁၂ ရက်နေ့အထိ စည်းကမ်းမဲ့လမ်းဖြတ်ကူးသူ ၆၆၄ ဦးအား အရေးယူခဲ့ကြောင်း အသိပေးကြေညာအပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

Sumitomo Golf Classic ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ကြီးမှူး၍ Aung Hein Min Co., Ltd. နှင့် Sumitomo Heavy Machinery က အဓိကကူညီပံ့ပိုးသော Sumitomo Golf Classic ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ ၁၈ ကျင်းပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် မွန်းလွဲပိုင်းတွင် မန္တလေးမြို့ရှိ ရေတံခွန်တောင်ဂေါက်ကလပ်၌ ကျင်းပပြီးစီးသည်။

ရှေးဦးစွာ Aung Hein Min Co.,Ltd. မှ Country Manager ဦးမင်းမင်းက ကျေးဇူးတင်စကား ပြောကြားသည်။ ဆက်လက်၍ Aung Hein Min Co.,Ltd. Chairman ဦးချစ်စံက Hole- In-One ဆုရရှိသော Senior Professional Golfer ဦးဝင်းကြည် (စုစုအေးအောင်ဆေး)အား ဆုကြေးငွေကျပ် ငါးသိန်းကို ပေးအပ်ချီးမြှင့်ပြီး Country Manager ဦးမင်းမင်းက အမျိုးသားအပျော်တမ်းပြိုင်ပွဲနှင့် Professional အဆင့်ပြိုင်ပွဲများ၌ နေ့အလိုက်အကောင်းဆုံးရိုက်ချက်ဆု (Daily Best) ရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

Sumitomo Golf Classic ဂေါက်သီးရိုက်ပြိုင်ပွဲ Professional အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသော စိုးကျော်နိုင်အား Aung Hein Min Co.,Ltd. Chairman ဦးချစ်စံ ဆုကြေးငွေ ချက်လက်မှတ် ပေးအပ်ချီးမြှင့်စဉ်။ (ဂေါက်သီးအဖွဲ့ချုပ်)

ပေးအပ်ချီးမြှင့်

ယင်းနောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်က အမျိုးသားအပျော်တမ်းပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၂၉၃ ချက်ဖြင့် တတိယရရှိသော လင်းသဲ၊ စုစုပေါင်းရိုက်ချက် ၂၈၉ ချက်ဖြင့် ဒုတိယရရှိသော နိုင်ရဲလင်းနှင့် စုစုပေါင်းရိုက်ချက် ၂၈၂ ချက်ဖြင့် ပထမရရှိသော မျိုးဝင်းအောင်တို့အား လည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက Senior Professional အဆင့်ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၂၂၅ ချက်ဖြင့် တတိယရရှိသော ဦးမြင့်သိန်း၊ စုစုပေါင်းရိုက်ချက် ၂၂၂ ချက်ဖြင့် ဒုတိယရရှိသော ဦးမြင့်သောင်းနှင့် စုစုပေါင်းရိုက်ချက် ၂၁၇ ချက်ဖြင့် ပထမရရှိသော ဦးမြင့်ရွှေတို့အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မန္တလေးမြို့တော်ဝန် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးဖုန်းဇော်ဟန်က Professional အဆင့်ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၂၈၃ ချက်ဖြင့် (5 Under) ဖြင့် တတိယရရှိသော လှမျိုး (A.P.P.O)၊ စုစုပေါင်းရိုက်ချက် ၂၈၂ ချက် (6 Under) ဖြင့် ဒုတိယရရှိသော ဇော်ဇော်လတ် (SRIXON)၊ စုစုပေါင်းရိုက်ချက် ၂၇၉ ချက် (9 Under) ဖြင့် ပထမရရှိသော စိုးကျော်နိုင် (SRIXON) တို့အား ဆုများကိုပေးအပ်ချီးမြှင့်သည်။

ယင်းနောက် Aung Hein Min Co.,Ltd. Chairman ဦးချစ်စံက Senior Professional ပြိုင်ပွဲ၌ ပထမရရှိသော ဦးမြင့်ရွှေနှင့် Professional အဆင့်ပြိုင်ပွဲ၌ ပထမရရှိသော စိုးကျော်နိုင် (SRIXON) တို့အား ဆုကြေးငွေ ချက်လက်မှတ်များကို ပေးအပ်ချီးမြှင့်ရာ ပြိုင်ပွဲဝင်ဂေါက်သီးရိုက်အားကစားသမားများကိုယ်စား Professional Golfer စိုးကျော်နိုင် (SRIXON) က ကျေးဇူးတင်စကားပြောကြားသွားသည်။

ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ချီးမြှင့်သော အမှတ်တရလက်ဆောင်ကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်က ပေးအပ်ရာ Aung Hein Min Co.,Ltd. မှ HR & Admin Manager ဦးမင်းသီဟက လက်ခံပြီး Aung Hein Min Co.,Ltd. မှ ချီးမြှင့်သော အမှတ်တရလက်ဆောင်ကို Country Manager ဦးမင်းမင်းက ပေးအပ်ရာ ရေတံခွန်တောင်ဂေါက်ကလပ်တာဝန်ခံအရာရှိ ဦးသန်းဇော်ထွန်းက လက်ခံကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၁၅

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှ အပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး မွန်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် (- ၂) ဒီဂရီစင်တီဂရိတ်၊ နမ့်ဆန်မြို့၊ ပင်လောင်းမြို့နှင့် ဟဲဟိုးမြို့တို့တွင် သုည ဒီဂရီစင်တီဂရိတ်စီ၊ လွိုင်လင်မြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ပြင်ဦးလွင်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ကော့သောင်းမြို့တွင် သုည ဒသမ ၂၇ လက်မနှင့် ရေးမြို့တွင် သုည ဒသမ ၂၀ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မနက်ဖြန်ညနေထိ ခန့်မှန်းချက်။ ။တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

ပဏာမမြန်မာ့လက်ရွေးစင် အားကစားသမားများ ရွေးချယ်မည်

ရန်ကုန် ဇန်နဝါရီ ၁၅

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်မှ မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ပဏာမမြန်မာ့လက်ရွေးစင် ဘိလိယက်/စနူကာ/Pool Carom အားကစားသမားရွေးချယ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ ရက်မှစတင်၍ မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ အောင်ဆန်းကွင်း၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်အရွေးချယ်ခံမည့် အားကစားသမားများသည် အဖွဲ့ချုပ်သို့ ဖေဖော်ဝါရီ ၆ ရက်နောက်ဆုံးထားပြီး ကိုယ်တိုင်လာရောက်စာရင်းပေးသွင်းနိုင်ပါကြောင်းနှင့် ရွေးချယ်ခံရသော အားကစားသမားများသည် နေပြည်တော်ရှိ ဇဟိုလေ့ကျင့်ရေးအားကစားစခန်းတွင် စခန်းဝင်လေ့ကျင့်ရမည်ဖြစ်ကြောင်း သိရသည်။(ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်)

Southern အသင်းက ဂိုးပြတ်သွင်းပြီး နိုင်ပွဲစရ

ရန်ကုန် ဇန်နဝါရီ ၁၅

MNL Myanmar 2012 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ် (၂) နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့ညနေ ၃ နာရီခွဲက ယှဉ်ပြိုင်ကစားကြရာ Southern Myanmar အသင်းက မောရဝတီအသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရရှိသွားသည်။

Southern Myanmar - လေးဂိုး
(ရဲထွန်းနိုင်၊ ဇင်မျိုးဝင်း၊ ရဲအောင်နှင့် အောင်ရဲထွဋ်)
မောရဝတီ - ဂိုးမရှိ

ပွဲဦးထွက်ပွဲတွင် ရတနာပုံအသင်းကို အဝေးကွင်း၌ ရှုံးနိမ့်ခဲ့သည့် Southern အသင်းမှာ အသင်းသစ် မောရဝတီကို ဂိုးပြတ်သွင်းကာ နိုင်ပွဲစတင်ရရှိခဲ့သည်။ မောရဝတီအသင်းမှာ Southern အသင်းကို အပြန်အလှန်ကစားနိုင်ခဲ့သော်လည်း အတွေ့အကြုံအားနည်းခြင်း၊ အဆုံးသတ်မသေချာခြင်းတို့ကြောင့် နှစ်သိမ့်ဂိုးပင်မရဘဲ နှစ်ပွဲဆက်ဂိုးပြတ်ရှုံးနိမ့်ခဲ့ရသည်။ Southern အသင်းမှာ ဂိုးသွင်းခွင့်များကို ပိုင်နိုင်စွာအသုံးချနိုင်ခဲ့၍ ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ဂိုးများကို ငါးမိနစ်တွင် ရဲထွန်းနိုင်၊ ၁၈ မိနစ်တွင် ဇင်မျိုးဝင်း၊ ၈၅ မိနစ်တွင် ရဲအောင်နှင့် မိနစ် ၉၀ တွင် အောင်ရဲထွဋ်တို့က သွင်းယူခဲ့ခြင်းဖြစ်သည်။

၂၁-၁-၂၀၁၂

(မုံရွာကွင်း)
ဇေယျာရွှေမြေ - ရောဝတီ
(KBZကွင်း)
ကမ္ဘောဇ - ရန်ကုန်
(ပဒုမ္မာကွင်း)
မကွေး - ရက္ခပူရ
(အောင်ဆန်းကွင်း)
ဟံသာဝတီ - ချင်း

သတင်းနှင့် ဓာတ်ပုံ ရှိုင်းထက်ဇော်

Southern နှင့် မောရဝတီတို့ အကြိတ်အနယ် ယှဉ်ပြိုင်နေစဉ်။

နိုင်ငံတကာအားကစားသတင်း နိုင်ငံတကာအားကစားသတင်း

ကျူပီအာအသင်းမန်နေဂျာ မာ့ခ်ဟုက ဘာရာဇီးတိုက်စစ်မှူး ဟင်နရီကေးအား ခေါ်ယူလို

လန်ဒန် ဇန်နဝါရီ ၁၅

ကျူပီအာအသင်းမန်နေဂျာ မာ့ခ်ဟုသည် ဘရာဇီးတိုက်စစ်မှူးဟင်နရီကေး**(အပေါ်ပုံ)**အား စာချုပ်ချုပ်ဆိုရန် ဆန္ဒရှိနေသည်။ ဟင်နရီကေးသည် အသက်(၂၀)အရွယ်သာရှိသေးပြီး နွေရာသီအပြောင်းအရွှေ့ကာလအတွင်း ပေါင် ငါးသန်းဖြင့် ပြောင်းရွှေ့မကစားမီ ပထမဦးစွာဆာအိုပေါ်လိုအသင်းက အငှားစာချုပ်ဖြင့် ကစားစေခဲ့ရာ ယမန်နှစ်နွေရာသီက ကစားခဲ့သည့် အသက် (၂၀)အောက် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ရွှေဖိနပ်ဆု ရရှိထားသူဖြစ်သည်။ **အင်တာနက်။**

မန်ယူအသင်းမှ ကွင်းလယ်ကစားသမား ဂစ်ဘ်ဆင်အား အဲဗာတန်စာချုပ်ချုပ်ဆို

အင်္ဂလန် ဇန်နဝါရီ ၁၅

မန်ယူအသင်းမှ အိုင်ယာလန်နိုင်ငံသား ကွင်းလယ်ကစားသမား ဒါရွန်ဂစ်ဘ်ဆင်ကို အဲဗာတန်အသင်းက စာချုပ်တစ်ရပ် ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

မန်ချက်စတာ ယူနိုက်တက်လူငယ်အသင်းမှ မွေးထုတ်ပေးလိုက်သော အသက်(၂၄)နှစ်အရွယ်ရှိ အိုင်ယာလန်နိုင်ငံသား ဂစ်ဘ်ဆင်ကို အဲဗာတန်အသင်းက လေးနှစ်ခွဲစာချုပ်ဖြင့် ချုပ်ဆိုခေါ်ယူလိုက်ခြင်းဖြစ်သည်။

ဂစ်ဘ်ဆင်သည် ပရီမီယာလိဂ်၏ အဆင့်(၁၁) နေရာတွင်ရှိသော အဲဗာတန်အသင်း၏ ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်း ပထမဦးဆုံးအမြဲတမ်းစာချုပ်ချုပ်ဆိုခြင်းခံရသော ကစားသမားတစ်ဦးလည်းဖြစ်သည်။

မန်ယူအသင်းမှ အိုင်ယာလန်နိုင်ငံသား ကွင်းလယ်ကစားသမား ဒါရွန်ဂစ်ဘ်ဆင်။

မန်ယူအသင်းမှ အိုင်ယာလန်နိုင်ငံသား ကွင်းလယ်ကစားသမား ဂစ်ဘ်ဆင်သည် ပရီမီယာလိဂ်ပြိုင်ပွဲ တစ်လျှောက်တွင် ပွဲထွက်ကစားခွင့် ပွဲပေါင်း ၆၀ ကစားခဲ့ပြီး ၁၀ ဂိုးသွင်းယူထားသူဖြစ်သည်။ **အင်တာနက်။**



ဆန်းဒါးလန်းဂိုးသမား ထရီဗာကာဆင်အား ဟားလ်စီးတီးအငှားစာချုပ်ချုပ်ဆို

အင်္ဂလန် ဇန်နဝါရီ ၁၅

ဟားလ်စီးတီးအသင်းသည် ဆန်းဒါးလန်းအသင်းမှ ဂိုးသမား ထရီဗာကာဆင်**(ဝဲပုံ)**အား တစ်လအငှားစာချုပ်ဖြင့် ချုပ်ဆိုလိုက်ပြီဖြစ် သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ထရီဗာကာဆင်သည် ယခုဘောလုံးရာသီအစောပိုင်းက ဘူရီတွင် အငှားစာချုပ်ဖြင့် နှစ်လကစားခဲ့ပြီး ဘရင့်ဖို့ဒ်၊ လင်ကွင်းစီးတီးနှင့် ချက်စတာဖီးလ်တို့တွင်လည်း အချိန်ပိုင်းကစားခဲ့ပြီးဖြစ်သည်။

ဟားလ်စီးတီးအသင်းသည် အာဆင်နယ်အသင်းမှ ဗီတိုမန်နိုနီအား ခေါ်ယူခဲ့ပြီးနောက်ပိုင်းတွင် ကာဆင်မှာ ဟားလ်စီးတီးအတွက် ဒုတိယမြောက်အငှားစာချုပ် ချုပ်ဆိုခေါ်ယူထားသော ဂိုးသမားဖြစ်သည်။

ယင်းသို့ ခေါ်ယူစာချုပ်ချုပ်ရခြင်းမှာလည်း ပီတာဂူလက်ဆီနှင့် အရန်ဂိုးသမား အက်ဒရီရာနိုဘတ်ဆိုတို့နှစ်ဦးလုံးမှာ လက်ရှိအချိန်တွင် ဒူးဒဏ်ရာကြောင့် ပွဲထွက်ကစားနိုင်ခြင်းမရှိဘဲ အရန်ခုံတွင်သာရှိနေခြင်းတို့ကြောင့် ဖြစ်သည်။ **အင်တာနက်။**

နိုင် လင်း ကြည်

ခန္တီးဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အထောက်အကူပြုဖြစ်ရန်ရည်ရွယ်၍ ရန်ပုံငွေများထူထောင်

ရန်ပုံငွေရေရှည်တည်တံ့၍ ဒေသအတွက် ထိထိရောက်ရောက်အကျိုးပြုနိုင်စေရေး သက်ဆိုင်သူများအားလုံးက စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်သွားကြရန်ဖြစ်

နေပြည်တော် ဇန်နဝါရီ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ဇန်နဝါရီ ၁၃ ရက် ညနေပိုင်းတွင် ခန္တီးမြို့ ခရိုင်အုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ကျင်းပသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရန်ပုံငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ယနေ့မိမိအနေဖြင့် ယခုကဲ့သို့ မြို့မိမြို့ဖများ၊ ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံရသည်မှာ ခန္တီးဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အထောက်အကူဖြစ်ရန် ရည်ရွယ်၍ ရန်ပုံငွေများ ထူထောင်ပေးသွားရန်နှင့် အဆိုပါရန်ပုံငွေများကို စနစ်တကျ ထိန်းသိမ်း၍ သုံးစွဲမှုပြုရာတွင်လည်း ဒေသအတွက်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး ခန္တီးမြို့ ခရိုင်အုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရန်ပုံငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့၌ နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၅

၂၀၁၂ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ယနေ့နံနက် ၈ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ပါဝင်ဆင်နွှဲ

နာဂရိုးရာနှစ်သစ်ကူးပွဲတော် သဘာပတိအဖြစ် လေရှီးမြို့နယ်မှ ဒေသခံနာဂတိုင်းရင်းသား ဦးဘချိုက ဆောင်ရွက်ပြီး ရိုးရာအစဉ်အလာမပျက်အစီအစဉ်များဖြင့် ကျင်းပရာ နာဂဒေသမှ ရိုးရာယဉ်ကျေးမှု ကိုယ်စားလှယ်များ၊ ရိုးရာအကအဖွဲ့များ၊ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ဖိတ်ကြားထားသူများနှင့် ကမ္ဘာလှည့်ခရီးသည်များ ပါဝင်ဆင်နွှဲကြသည်။

ရိုးရာအကဖျော်ဖြေပွဲ

နာဂရိုးရာ နှစ်သစ်ကူးပွဲတော်နှင့်အတူ အားကစားပြိုင်ပွဲများ၊ ရိုးရာအကဖျော်ဖြေပွဲများနှင့် ရိုးရာပွဲတော်အမှတ်တရ ကံစမ်းမဲဖောက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

ရိုးရာနှစ်သစ်ကူး ပွဲတော်

၂၀၁၂ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့၌ ကျင်းပစဉ်။ (သတင်းစဉ်)

ညအပူချိန်များ လျော့နည်းနေမည်

နေပြည်တော် ဇန်နဝါရီ ၁၅

ယနေ့နံနက် ၆ နာရီခွဲအချိန် မိုးလေဝသတိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံဘက်မှ လေအေးများ မြန်မာနိုင်ငံပေါ်သို့ တိုးဝင်လာမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ ညအပူချိန်များလျော့နည်းခဲ့ပြီး သိသိသာသာ အအေးပိုနေခဲ့သည်။

မိုးလေဝသအခြေအနေ ခန့်မှန်းချက်များအရ ယနေ့နံနက်မှ နောက်သုံးရက်အတွင်း တစ်ပြည်လုံးတွင် မိုးရွာသွန်းမှု လျော့နည်းပြီး ဆက်လက် အအေးပိုနေနိုင်ကြောင်းခန့်မှန်းရကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)